# ပြည်ထဲရေး

သတင်းလွှာ

အတွဲ (၁၈)၊ အမှတ် (၂)

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်


ဖေဖော်ဝါရီလ(၂၆)ရက်၊ (၁၁)နှစ်မြောက် အကျဉ်းဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် "အထူးထုတ်"

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းမှုအား ကြည့်ရှုအားပေး



၄-၁-၂၀၂၃ ရက်နေ့တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများက ၂၀-၁၂-၂၀၂၂ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်ရှိ ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ဂုဏ်ပြုသွေးလှူဒါန်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း(၁၃၁)ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး သွေးအလှူရှင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ဒုတိယရဲချုပ်များနှင့် ဇနီးများ၊ ရဲအရာရှိကြီးများ၊ နေပြည်တော်ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ စန်းလွင်ဦးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ သွေးအလှူရှင်တစ်ဦးချင်းစီအား အာဟာရဖြည့်စွက်စာများနှင့် အားဆေးများ အသီးသီးထောက်ပံ့ပေးအပ်ခဲ့ပြီး ၂၁-၁၂-၂၀၂၂ ရက်နေ့တွင်လည်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်(၁၁၉)ဦးတို့က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**အကျဉ်းဦးစီးဌာန ထောင်တာဝန်ခံအရာရှိသင်တန်းအမှတ်စဉ်(၁၇)၊ ကွန်ပျူတာနှင့် PMIS အခြေခံသင်တန်းအမှတ်စဉ်(၂၂)သင်တန်းဖွင့်ပွဲအခမ်းအနားပြုလုပ်ခြင်း**

စာ(၃)သို့

**လာအို-မြန်မာ-ထိုင်း(၃) နိုင်ငံအကြား မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် Precursor ဓာတုပစ္စည်းများထိန်းချုပ်ရေးနှင့် တားဆီးနှိမ်နင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးကျင်းပ**

စာ(၅)သို့

**မှော်ဘီမြို့နယ်၊ အမှတ်(၄)လမ်းမကြီး၊ လိပ်ပုတ်ကျေးရွာအုပ်စု၊ လိပ်ပုတ်ကျေးရွာရှိ Grand Royal အရက်ချက်စက်ရုံ မီးလောင်မှုဖြစ်ပွား**

စာ(၁၄)သို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း ပုသိမ်အကျဉ်းထောင်၊ အင်းစိန်ဗဟိုအကျဉ်းထောင်နှင့် တောင်ငူအကျဉ်းထောင်တို့အား ရောက်ရှိစစ်ဆေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ တာဝန်ရှိသူများလိုက်ပါလျက် ၁၁-၁-၂၀၂၃ ရက်နေ့ နေ့လယ်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ ပုသိမ်အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်အကျဉ်းထောင်ရှိ အစည်းအဝေးခန်းမ၌ အကျဉ်းထောင်မှတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးက ၆-၁-၂၀၂၃ရက်နေ့တွင် အကျဉ်းထောင်၌ အကျဉ်းသား/ အချုပ်သားများ ဆူပူအကြမ်းဖက်မှုဖြစ်ပွားခဲ့သည့် အခြေအနေနှင့် ဖြစ်စဉ်တွင် ထောင်ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကျဉ်းထောင်လက်စွဲပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့သည့် အခြေအနေများအား **Power Point** ဖြင့် အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက အလားတူထောင်အတွင်း ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များ ထပ်မံဖြစ်ပွားမှုမရှိစေရေး၊ ယခုဖြစ်စဉ်အား အတွေ့အကြုံယူ၍အားသာချက်၊ အားနည်းချက်များ ဖော်ထုတ်၍ အစီအမံများ ရေးဆွဲဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အကျဉ်းထောင် တာဝန်ရှိသူများအား အသေးစိတ်လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အကျဉ်းထောင်ရှိ ဗဟိုကင်း၊ အကျဉ်းသား/အချုပ်သား အိပ်ဆောင်များ၊ မီးဖိုကြီး၊ ရိက္ခာဂိုထောင်နှင့် ၆-၁-၂၀၂၃ ရက်နေ့တွင် အကျဉ်းထောင်အတွင်း အကျဉ်းသား/အချုပ်သားများ ဆူပူအကြမ်းဖက်မှုဖြစ်ပွားခဲ့သည့်နေရာနှင့် ဆူပူအကြမ်းဖက်မှုဖြစ်ပွားစဉ် ၎င်းတို့ဖျက်ဆီးခဲ့သည့် လုံခြုံရေး အထောက်အကူပြုပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရမှုအခြေအနေတို့ကို တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက လုံခြုံရေးကို အထူးအလေးထားဆောင်ရွက်ရန်၊ လုံခြုံရေးစည်းကျိုးပေါက်မှုမရှိစေရေး ဝန်ထမ်းများအား ၂၄ နာရီ ကင်းတာဝန်ချထားရန်၊ အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ်များ မဖြစ်ပွားစေရေး တာဝန်ရှိသူအဆင့်ဆင့်မှ အထူးဂရုပြုဆောင်ရွက်ရန်၊ အကျဉ်းထောင်အတွင်းသို့ ပေးပို့ခွင့်မရှိသည့် ကန့်သတ်ပစ္စည်းများ ပေးပို့တင်သွင်းနေသည်များရှိ၍ ရဲတပ်ဖွဲ့နှင့်ပူးပေါင်းကာ အကျဉ်းသား/အချုပ်သားများ၏ အိပ်ဆောင်များအား စနစ်တကျရှာဖွေ စစ်ဆေးခြင်းများပြုလုပ်သွားရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လာဘ်ပေးလာဘ်ယူကင်းရှင်းပြီး ကိုယ်ကျင့်တရားကောင်းမွန်စွာနေထိုင်ကြရန်နှင့် မိမိကိုင်တွယ်သည့် လက်နက်များအား ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရေး အမြဲတမ်းလေ့ကျင့်သွားကြရန် လိုအပ်ကြောင်း၊ အကျဉ်းသားများ၏ စားသောက်နေထိုင်ရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာကိစ္စရပ်များကို အထူးဂရုပြုဆောင်ရွက်ပေးရန်၊ ရိက္ခာဂိုထောင်ရှိ ရိက္ခာများအား သန့်ရှင်းသပ်ရပ်စွာထားရှိပြီး ရိက္ခာ(၃)လစာ ကြိုတင်ဝယ်ယူဖြည့်တင်းထားရန်လိုအပ်ကြောင်း၊ အကျဉ်းသား/အချုပ်သားများအတွက် ချက်ပြုတ်ကျွေးမွေးမည့် အစားအစာများအား သန့်ရှင်းလတ်ဆတ်မှုရှိစေရေး၊ ပူပူနွေးနွေးစားသုံးနိုင်ရေးအတွက် စေတနာထား၍ ချက်ပြုတ်ကျွေးမွေးရန်လိုအပ်ကြောင်း၊ ၎င်းတို့ကိုလည်း တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ နေထိုင်စေရေး ကြပ်ကြပ်မတ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း အသေးစိတ်မှာကြားကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်အကျဉ်းထောင်ရှိ **"မြနန်းရော"** ခန်းမ၌ အကျဉ်းထောင်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား တွေ့ဆုံ၍ စည်းကမ်းရှိရှိ စည်းစည်းလုံးလုံး နေထိုင်ကြရန်၊ ကိုယ်ကျင့်တရားကောင်းမွန်စွာဖြင့် အဂတိလိုက်စားမှုကင်းရှင်းစွာနေထိုင်ကြရန်၊ မိမိတို့၏ ခင်ပွန်းသည် အိမ်ထောင်ဦးစီးများအား တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း မှာကြားခဲ့ပြီး မိသားစုဝင်များ၏ အခက်အခဲနှင့် လိုအပ်ချက်များအား ရင်းနှီးပွင့်လင်းစွာမေးမြန်း၍ လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးပြီး မိသားစုဝင်များအတွက် မီးဖိုချောင်သုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများအား ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

၁၃-၁-၂၀၂၃ ရက်နေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်သို့ရောက်ရှိကာ အကျဉ်းထောင်အဝင်ဝရှိ ထောင်ဝင်စာပါဆယ်လက်ခံရေးမှတ်တမ်းဌာနစိတ်နှင့် ပါဆယ်ရှာဖွေရေးဌာနစိတ်တို့တွင် လာရောက်ပေးပို့သည့် ပါဆယ်ပစ္စည်းများအား **Luggage X-Ray Scanner** စက်ဖြင့် စနစ်တကျစစ်ဆေးရှာဖွေနေမှုအခြေအနေများကိုလည်းကောင်း၊ အကျဉ်းထောင် **CCTV Control Room** အတွင်းရှိ လုံခြုံရေးစောင့်ကြည့်နေမှု အခြေအနေများကိုလည်းကောင်း၊ စားဖိုကြီးတွင် အကျဉ်းသား/အချုပ်သားများ နံနက်စာစားသုံးရန်အတွက် ထမင်းနှင့်ဟင်းလျာများ ချက်ပြုတ်ပြင်ဆင်နေမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်း (အင်းစိန်)သို့ရောက်ရှိကာ သင်တန်းကျောင်းအတွင်းရှိ သင်တန်းသားအိပ်ဆောင်များ၊ စာသင်ခန်းမနှင့် စားရိပ်သာတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးကာ တပ်သားအဆင့် အခြေခံသင်တန်းအမှတ်စဉ် (၁၀၇)မှ သင်တန်းသားများနှင့် နံနက်စာအတူတကွ

**စာမျက်နှာ(၁၉)သို့**

## ထောင်တာဝန်ခံအရာရှိသင်တန်းအမှတ်စဉ်(၁၇)၊ ကွန်ပျူတာနှင့် PMIS(Prisoners Management Information System) အခြေခံသင်တန်းအမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲအခမ်းအနား ပြုလုပ်ခြင်း






အကျဉ်းဦးစီးဌာန၊ ရုံး/အကျဉ်းထောင်/အချုပ်ထောင်/ စခန်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများစွမ်းရည် (၄)ရပ်ပြည့်ဝစေရေးအတွက် သင်တန်းများဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက်ရှိရာ အကျဉ်းဦးစီးဌာနမှ ရုံးအမှတ်(၄၉) နေပြည်တော်တွင် ထောင်တာဝန်ခံအရာရှိသင်တန်းအမှတ်စဉ်(၁၇)အား သင်တန်းသား ၄၀ ဦးဖြင့်လည်းကောင်း၊ ကွန်ပျူတာနှင့် **PMIS (Prisoners Management Information System)** အမှတ်စဉ်(၂၂)အား သင်တန်းသူ ၂၅ ဦးဖြင့်လည်းကောင်း ၉-၁-၂၀၂၃ ရက်နေ့မှ ၃၁-၃-၂၀၂၃ ရက်နေ့အထိ ရက်သတ္တ ၁၂ ပတ်ကြာဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ပါသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားကို ၉-၁-၂၀၂၃ရက်နေ့ ၀၇၀၀ အချိန်တွင် ရုံးအမှတ်(၄၉) နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ရာ အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားသို့ဌာနဆိုင်ရာအရာရှိများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း အင်အား ၈၄ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အကျဉ်းထောင်တပ်သားအဆင့် အခြေခံသင်တန်းအမှတ်စဉ်(၁၀၇) သင်တန်းဆင်းအခမ်းအနား ပြုလုပ်ခြင်း






အကျဉ်းဦးစီးဌာန၊ ရုံး/အကျဉ်းထောင်/အချုပ်ထောင်/စခန်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများစွမ်းရည် (၄)ရပ်ပြည့်ဝစေရေးအတွက် သင်တန်းများဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက်ရှိရာ အကျဉ်းဦးစီးဌာန၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်း(အင်းစိန်)တွင် အကျဉ်းထောင်တပ်သားအဆင့်အခြေခံ သင်တန်းအမှတ်စဉ်(၁၀၇)အား သင်တန်းသား ၂၀၀ ဦးဖြင့် ၁၉-၉-၂၀၂၂ ရက်နေ့မှ ၁၃-၁-၂၀၂၃ ရက်နေ့အထိ ရက်သတ္တ ၁၇ ပတ်ကြာဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားကို ၁၃-၁-၂၀၂၃ ရက်နေ့ ၀၈၀၀ အချိန်တွင် ဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်း(အင်းစိန်)၌ ကျင်းပပြုလုပ်ခဲ့ရာ အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆုရရှိသည့်သင်တန်းသားများအား ဆုများ အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ပါသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာအရာရှိများ၊ နည်းပြများနှင့် သင်တန်းသားများ စုစုပေါင်းအင်အား ၂၄၀ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း



အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူများအား ပြစ်ဒဏ်မှလွတ်မြောက်သွားသောအခါ အသက်မွေးဝမ်းကျောင်းအတတ်ပညာတစ်ခုခု တတ်မြောက်သွားစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ကရင်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ ဘားအံအကျဉ်းထောင်တွင် ဆံသပညာသင်တန်းအား ၂၁-၁၂-၂၀၂၂ ရက်နေ့မှ ၇-၄-၂၀၂၃ ရက်နေ့အထိ ရက်သတ္တ(၁၆)ပတ်ကြာ သင်တန်းသား ၂၀ ဦး၊ သင်တန်းနည်းပြ ၂ ဦးဖြင့်လည်းကောင်း၊ ပန်းကြယ်သီးသင်တန်းအား ၂၁-၁၂-၂၀၂၂ ရက်နေ့မှ ၁၇-၃-၂၀၂၃ ရက်နေ့အထိ ရက်သတ္တ (၁၀)ပတ်ကြာ သင်တန်းသူ ၂၀ ဦး၊ သင်တန်းနည်းပြ ၂ ဦးဖြင့် လည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။

## အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား၊ အကျဉ်းသူများအား ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပေးခဲ့ခြင်း







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းသာယာရေးနှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကိုနားလည်စေရန် ရှေးရှုသောအားဖြင့် လည်းကောင်း အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား၊ အကျဉ်းသူ ၇၀၁၂ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင်ယခုကျခံရန် ကျန်ရှိသောပြစ်ဒဏ်များကိုပါဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များ အပေါ်လျှော့ပေါ့၍၄-၁-၂၀၂၃ ရက်နေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်း သက်သာခွင့်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြင်ပကျန်းမာရေးအဖွဲ့များမှ ကျန်းမာရေးစစ်ဆေးကုသစောင့်ရှောက်ပေးခြင်း





အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းအသီးသီးတွင် ပြင်ပကျန်းမာရေးအဖွဲ့များ၊ ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ လစဉ် ကျန်းမာရေးစစ်ဆေးကုသပေးလျက်ရှိရာ နယ်စည်းမခြား ဆရာဝန်များအဖွဲ့(MSF-H)သည် လားရှိုးအကျဉ်းထောင်သို့ ၁၅-၁၂-၂၀၂၂ ရက်နေ့တွင် ရောက်ရှိလာခဲ့ပြီး ဆေးရုံဆောင်ရှိ HIV/AIDS ရောဂါသည် အကျဉ်းသား ၆ ဦးအား တစ်ဦးချင်း နှစ်သိမ့်ပညာပေးဆွေးနွေးခြင်း၊ ART ဆေးဝါးများ ပေးအပ်ခြင်းနှင့် အခြားကျန်းမာရေးစောင့်ရှောက်ပေးမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။ အလားတူ သရက်အကျဉ်းထောင်သို့ ၁၀-၁-၂၀၂၃ ရက်နေ့တွင် သရက်ခရိုင်ပြည်သူ့ဆေးရုံကြီးမှ သူနာပြုဆရာမကြီး ဒေါ်ဖြူဖြူ ဦးဆောင်သောအဖွဲ့သည် အကျဉ်းထောင်ဆရာဝန်ဒေါက်တာငြိမ်းချမ်းကျော်နှင့် တွေ့ဆုံကာ ART ဆေးသောက်သုံးနေသော အကျဉ်းသား ၈ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ခြင်း၊ လိုအပ်သည့် အားဆေးများလည်းထောက်ပံ့ပေးခဲ့ပြီး ၎င်းတို့၏ဆန္ဒအရ HIV ရောဂါပိုး ရှိ/မရှိ စစ်ဆေးလိုသူ အကျဉ်းသား/သူ ၂၈ ဦးတို့အားသွေးဖောက်စစ်ဆေးခြင်းလုပ်ငန်းများ၊ HIV ရောဂါနှင့် ပတ်သက်၍ သိလိုသည်များအား ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားပြုလုပ်ခဲ့ခြင်း



အကျဉ်းဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ မြစ်ကြီးနားအကျဉ်းထောင်သို့ ကချင်ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ခါးပါအဖွဲ့ဝင် ၈ ဦးတို့သည် ၁၆-၁၂-၂၀၂၂ ရက်နေ့တွင်လာရောက်၍ ၁၀၁၅ အချိန်မှ ၁၁၁၅ အချိန်ထိ ဥပဒေဆိုင်ရာ အသိပညာပေးအခမ်းအနားပြုလုပ်ခဲ့ရာ ကချင်ပြည်နယ်ဦးစီးမှူး ဦးလင်းပိုင်နောင်၊ အကျဉ်းထောင်တာဝန်ခံအရာရှိ ဦးကျော်မြင့်စိန်နှင့် ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးလွင်တို့တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ကချင်ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ဥက္ကဋ္ဌ ဦးဇော်ခါးမှ အကျဉ်းသား/သူများအား ဥပဒေနှင့်ပတ်သက်သည့် အကြောင်းအရာများအားချပြဆွေးနွေးခဲ့ပြီး ဥပဒေနှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များဝေငှပေးခဲ့ကြောင်း သတင်းရရှိပါသည်။

# လာအို-မြန်မာ-ထိုင်း (၃) နိုင်ငံအကြား မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် (Precursor) ပရိကာဆာ ဓာတုပစ္စည်းများထိန်းချုပ်ရေးနှင့် တားဆီးနှိမ်နင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးကျင်းပ



လာအို-မြန်မာ-ထိုင်း (၃) နိုင်ငံအကြား ရွှေတြိဂံဒေသသို့ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် **(Precursor)** ပရိကာဆာဓာတုပစ္စည်းများ မဝင်ရောက်စေရေးအတွက် ထိန်းချုပ်ရေးနှင့် တားဆီးနှိမ်နင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးကို ထိုင်းနိုင်ငံ၊ ပတ္တရားမြို့ရှိ **The Heritage Pattaya Beach Resort** ၌ ၂၅-၁၂-၂၀၂၂ ရက်နေ့မှ ၂၇-၁၂-၂၀၂၂ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ လာအိုအမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးနှင့် ကြီးကြပ်ရေးကော်မရှင် **LCDC** အတွင်းရေးမှူးချုပ် **Mr. Inpong Chanthavongsa** ဦးဆောင်သည့်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်များနှင့် ထိုင်းနိုင်ငံမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့(**ONCB**)အထွေထွေအတွင်းရေးမှူးချုပ် **Mr. Wichai Chaimongkon** ဦးဆောင်သည့် ကိုယ်စားလှယ်များ စုစုပေါင်း(၂၁)ဦး တက်ရောက်ခဲ့ကြကြောင်း၊ အစည်းအဝေးတွင် ထိုင်းနိုင်ငံ **ONCB** ၏ အထွေထွေအတွင်းရေးမှူးချုပ် **Mr.Wichai Chaimongkon** မှ ရွှေတြိဂံဒေသအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှုနယ်ပယ်များသို့ ဓာတုပစ္စည်းများ ဝင်ရောက်ခြင်းမှ ကာကွယ်ရန်အတွက် ဘေးကင်းလုံခြုံသော မဲခေါင်စစ်ဆင်ရေးစီမံချက်(၂၀၁၉-၂၀၂၂)အရ ဆောင်ရွက်သည့် အစည်းအဝေးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာနိုင်ငံအလိုက် ပရိကာဆာ ဓာတုပစ္စည်းများ ပူးပေါင်းထိန်းချုပ်ရေးနှင့်တားဆီးနှိမ်နင်းရေးဆောင်ရွက်သည့်အခြေအနေနှင့် ရှေ့ဆက်တားဆီးဆောင်ရွက်မည့်ကိစ္စရပ်များ၊ ထိုင်းနိုင်ငံအနေဖြင့် **Sodium Cyanide** ၊ **Benzyl Cyanide** နှင့် **Benzyl Chloride** တို့(၃)မျိုးကို ယခုနှစ်အတွင်း ထိန်းချုပ်ထားပြီး **Hydroxylimine** ကို ထပ်မံထိန်းချုပ်သွားရန်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် ပိုမိုကောင်းမွန်သော တားဆီးနှိမ်နင်းရေးနည်းလမ်းများဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်မှ ဆွေးနွေးရာတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို လာအို-မြန်မာ-ထိုင်း (၃)နိုင်ငံတို့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်မှုများစွာရရှိခဲ့သော်လည်း ရွှေတြိဂံဒေသအတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများ လျော့ကျသွားခြင်းမရှိသည်ကို ဖမ်းဆီးမှုဖြစ်စဉ်များအရ တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများ တရားမဝင် ဝင်ရောက်မှုမရှိစေရေး အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ရန် အမြဲအသင့်ရှိကြောင်း၊ လူလုပ်မူးယစ်ဆေးဝါးထုတ်လုပ်မှုတားဆီးရေးအတွက် ဓာတုပစ္စည်းများအား သက်ဆိုင်ရာ နိုင်ငံအလိုက် တားဆီးထိန်းချုပ်ရေး ပူးပေါင်း ဆောင်ရွက်မှုမှာ များစွာအရေးပါသဖြင့် (၃)နိုင်ငံအကြား ယခုကဲ့သို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုသည် မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများကို ထိထိရောက်ရောက်တားဆီးနိုင်မည်ဖြစ်ပါကြောင်း၊ ရွှေတြိဂံဒေသရှိ နိုင်ငံများအနေဖြင့် ပရိကာဆာ ဓာတုပစ္စည်းများ ဖမ်းဆီးရမိမှုသည် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုနှင့်နှိုင်းယှဉ်ပါက လွန်စွာနည်းပါးနေခြင်းကြောင့် ပရိကာဆာဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုမရှိစေရေးအတွက် လာအို-မြန်မာ-ထိုင်း (၃)နိုင်ငံအကြား ယခုထက်ပိုမိုပူးပေါင်းထိန်းချုပ်ရေး၊ ဖမ်းဆီးရမိမှုများအား အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်ရန် အဆင့်လိုက် **Contact Person**များထားရှိရေး၊ မြန်မာနိုင်ငံမှ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ စွမ်းရည်မြှင့်တင်ရေးအတွက် ထိုင်းနိုင်ငံတွင် ဖွင့်လှစ်သင်ကြားမည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ အထူးလုပ်ငန်းတာဝန်အဖွဲ့ **Eagle 19** သင်တန်းသည်လည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် အထောက်အကူများစွာရရှိမည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ပြီး လာအိုအမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးနှင့် ကြီးကြပ်ရေးကော်မရှင် (**LCDC**)၏ ညွှန်ကြားရေးမှူးချုပ် **Mr. Inpong Chanthavongsa** မှ ဆွေးနွေးရာတွင် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများမှာ လာအို-မြန်မာ-ထိုင်း (၃)နိုင်ငံကြားသာမက အခြားကမ္ဘာ့နိုင်ငံများ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးများကို ထိခိုက်စေပါကြောင်း၊ လာအိုနိုင်ငံအနေဖြင့် ဘေးကင်းလုံခြုံသော မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးစင်တာ(**SMCC**)မှ ပရိကာဆာ ဓာတုပစ္စည်းများ ထိန်းချုပ်ရေးလုပ်ငန်းများကို အလေးအနက်ထား ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးခဲ့ပါသည်။

အဆိုပါအစည်းအဝေး၌ စိတ်ကြွဆေးပြား ထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သည့် ကဖင်းကို လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ ထိန်းချုပ်ထားရှိပြီးဖြစ်၍ ဒေသတွင်း မဲခေါင် **MoU** အဖွဲ့ဝင်နိုင်ငံများအတွင်း ထိန်းချုပ်နိုင်ရေးဆွေးနွေးသွားရန်၊ နိုင်ငံအလိုက်ဖမ်းဆီးရမိ ပရိကာဆာဓာတုပစ္စည်းများအား နှစ်စဉ်ဖျက်ဆီးရာတွင် ပြည်သူလူထု၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် **UNODC** အပါအဝင် ကမ္ဘာ့မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ အဖွဲ့အစည်းများထံမှ နည်းပညာ၊ ရန်ပုံငွေနှင့် ဆက်စပ်ပစ္စည်းကိရိယာ အထောက်အပံ့ရရှိရေး ကမ္ဘာ့ကုလသမဂ္ဂမူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကော်မရှင် (**CND**)သို့ **UNODC** မှ တင်ပြနိုင်ရေး အတွက် လိုအပ်သည့်အချက်အလက်များအား ထိုင်းနိုင်ငံမှ ဦးဆောင်စုစည်းဆောင်ရွက်ရေး မူးယစ်ဆေးဝါးဂိုဏ်းဖွဲ့ကျူးလွန်သူများသည် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် စက်ပစ္စည်းကိရိယာများကို နည်းလမ်းမျိုးစုံ သယ်ဆောင်လျက်ရှိသဖြင့် စက်ပစ္စည်းကိရိယာများဖမ်းဆီးရမိပါက အစိတ်အပိုင်းအလိုက် မှတ်တမ်းဓာတ်ပုံများအား သတင်းဖလှယ်မျှဝေသွားရေး လာအိုနှင့် မြန်မာနိုင်ငံတို့မှ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များအား သက်သေခံပစ္စည်းများ ကိုင်တွယ်ထိန်းသိမ်းရာတွင် စနစ်တကျရှိစေရေးနှင့် အန္တရာယ်ကင်းရှင်းစေရေး အတွက် ထိုင်းနိုင်ငံ **ONCB** မှ သင်တန်းပို့ချပေးရေး တို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ယခုအစည်းအဝေး ကျင်းပပြုလုပ်ခြင်းကြောင့် အနာဂတ်တွင် လာအို-မြန်မာ-ထိုင်း(၃)နိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရွှေတြိဂံဒေသအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှု လျော့ကျသွားမည်ဖြစ်ပါကြောင်း သတင်းရရှိသည်။

## ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ငွေကျပ် ၁ ဒသမ ၇၁ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

၁၁-၁-၂၀၂၃ ရက်နေ့ ၁၇၃၀ အချိန်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ လမ်းသွယ်(၂၇)တွင် ဖြိုးပြည့်စုံ(ခ)ငယ်ငယ် မောင်းနှင်လာသော ဆိုင်ကယ်ကို သတင်းအရရှာဖွေရာ ဘိန်းဖြူပါဆပ်ပြာခွက်(၁၁)ခွက်တွေ့ရှိပြီး ၎င်းနေထိုင်သည့် မြစ်ကြီးနားမြို့နယ်၊ နန်းကွေ့ကျေးရွာရှိနေအိမ်မှ ဘိန်းဖြူပါဆပ်ပြာခွက်(၆၃)ခွက်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၄ သိန်း ထပ်မံရှာဖွေတွေ့ရှိသဖြင့် စုစုပေါင်းဒေသကာလ တန်ဖိုးငွေကျပ် ၁ ဒသမ ၇၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၇၄၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၄ သိန်းတို့ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအားဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



## မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်နှင့် အမရပူရမြို့နယ်တို့တွင် ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆.၈ သိန်း ဖမ်းဆီးရမိပြီး ကွင်းဆက်အရ မြဝတီမြို့တွင် မူးယစ်ဆေးဝါးနှင့် လက်နက်/ ခဲယမ်းများထပ်မံဖမ်းဆီးရမိ







၁၅-၁၂-၂၀၂၂ ရက်နေ့ ၀၇၀၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေး တိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ (၄၂)လမ်းနှင့် (၆၀)(င)လမ်းထောင့်တွင် သတင်းအရ ဖွန်ကိုလတ်နှင့် မခင်လှဲ့ရည်ဖြိုး (ခ)နန်းမိငယ်တို့အားရှာဖွေရာ လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့ပြီး ၁၀၀၀ အချိန်တွင် အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ စာတိုးကျေးရွာရှိ ၎င်းတို့၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက် ဖော်ထုတ်ချက်အရ ၂၁၃၀ အချိန်တွင် မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ မြတ်လင်းအေးမြိုင်လမ်းရှိ တည်းခိုခန်းကို ဝင်ရောက်ရှာဖွေရာ စိုင်းလောင်ခမ်း (ခ)ဝမ်ရှီသာ(ခ)ဝတုတ်၊ နေထွန်းလှ(ခ)အိုက်ရင်၊ အောင်ကိုထွေး(ခ)ကိုစိုင်းနှင့် ကျင်ချန်း(ခ)လီကျင်ချန်းတို့ (၄)ဦးအား ပစ္စတိုသေနတ်(၁၉)လက်၊ ၎င်းကျည်အိမ် (၂၄)ခု၊ **AK-47** သေနတ်(၁)လက်၊ ၎င်းကျည်အိမ်(၁)ခု၊ **9 mm** ကျည်(၁၆) တောင့်နှင့် **LEXUS** မော်တော်ယာဉ်(၁)စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း၊ ထပ်မံစစ်ဆေးဖော်ထုတ်ချက်အရ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အောင်ခနေ လမ်းရှိ အဟုန်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ရဲထက်ကျော်(ခ) ကျန်ချင်ဟိန်းနှင့် ဟိန်းဆွေ(ခ)ကွမ်ထုန်(ခ)ကတုံးတို့(၂)ဦးအား အိုက်စ် ၃ ကီလို၊ စိတ်ပြောင်းဆေးဝါး ကက်တမင်း သုညဒသမ ၉ ကီလို၊ ၁၂ ဗို့သေနတ် ၃ လက်၊ ၎င်းကျည်အိမ် ၉ ခု၊ ကာဘိုင် ၄ လက်၊ **AK-47** ၉ လက်၊ ၎င်းကျည်အိမ် ၈ ခု၊ ပစ္စတိုသေနတ် ၂ လက်၊ ၎င်းကျည်အိမ် ၄ ခု၊ ပစ္စတို အသံတိတ်ကိရိယာ ၃ ခု၊ ဆက်စပ်ကိရိယာများနှင့် ကျည်မျိုးစုံ ၂၂၀၀ တောင့် တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်း ရမိမူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်၊ မြဝတီမြို့သို့ လည်းကောင်း၊ သိမ်းဆည်းရမိ လက်နက်/ခဲယမ်းများအား ကရင်ပြည်နယ်၊ မြဝတီမြို့မှ ရှမ်းပြည်နယ်၊ လားရှိုးမြို့သို့လည်းကောင်း သယ်ဆောင်ခြင်း ဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

# ရန်ကုန်တိုင်းဒေသကြီး၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းမှ ဘင်္ဂါလီလူမျိုးများအား မလေးရှားနိုင်ငံသို့ အလုပ်လုပ်ကိုင်ရန်အတွက် တရားမဝင် သယ်ယူပို့ဆောင်ပေးသူများအား ဖော်ထုတ်ဖမ်းဆီးရမိ



၈-၁၂-၂၀၂၂ ရက်နေ့ ၁၆၅၀ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ရွှေနံ့သာကျေးရွာ၊ ဘားလားကျေးရွာ အဝင်လမ်း သစ်ခွခြံအနီး၌ ဘင်္ဂါလီလူမျိုးများ ရောက်ရှိနေကြောင်းသတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့ကသွားရောက်စစ်ဆေးခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းမှ မိုဟာမက်ဖိုက်စိန်(၁၄)နှစ်ပါ အမျိုးသား(၆)ဦးနှင့် အမျိုးသမီး(၆)ဦးတို့အား တွေ့ရှိရသဖြင့် ထိန်းသိမ်းစစ်ဆေးခဲ့ပါသည်။

အဆိုပါထိန်းသိမ်းထားရှိသူ ဘင်္ဂါလီလူမျိုးများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် ၁၄-၁၁-၂၀၂၂ ရက်နေ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံဒုက္ခသည်စခန်းမှ လူအင်အား(၃၆)ဦးပါအဖွဲ့ဖြင့် စက်လှေစီးကာ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်ရှိ ကျေးရွာတစ်ရွာသို့ ခိုးဝင်ခဲ့ကြောင်း၊ ၎င်းကျေးရွာတွင် အခြားဘင်္ဂါလီလူမျိုး(၃၆)ဦးနှင့်အတူ (၆)ရက်ခန့်နေထိုင်ခဲ့ပြီး ၎င်းတို့ (၇၂)ဦးတို့သည် မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် ပွဲစား(၄)ဦးနှင့်အတူ စက်လှေတစ်စီးဖြင့် (၃)ရက်(၃)ညခန့် စီးနင်းထွက်ခွာခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ဝသို့ရောက်ရှိခဲ့ပြီး ထိုနေရာ၌ အခြားစက်လှေတစ်စီးပေါ်သို့ ပြောင်းရွှေ့စီးနင်း၍ ဆက်လက်ထွက်ခွာခဲ့ရာ (၂)နာရီအကြာတွင် ကျေးရွာတစ်ရွာသို့ ရောက်ရှိခဲ့ကြောင်း၊ စက်လှေပေါ်မှဆင်းပြီး တောလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ကာ ကားလမ်းမပေါ်အရောက်၌ အသင့်စောင့်နေသည့် ဆီဘောက်ဆာကားတစ်စီးပေါ်သို့ တက်ရောက်ခဲ့ကြောင်း၊ ထိုသို့တက်ရောက်ရာတွင် လှေကားဖြင့် ဘောက်ဆာအမိုးပေါ်သို့ တက်ရောက်၍ အမိုးအဖုံးဖွင့်ကာ ဘောက်ဆာအတွင်းသို့ဆင်းရကြောင်း၊ ဘောက်ဆာအတွင်း၌ အကန့်(၈)ခုပါရှိပြီး ၎င်းအကန့်များအတွင်း ဝင်ရောက်စီးနင်းခဲ့ရကြောင်း၊ ဘောက်ဆာအတွင်း၌ အပူချိန်များသဖြင့် အပေါ်မှ ရေများလောင်းချပေးရ၍ ဘောက်ဆာအတွင်းရှိ ကြမ်းခင်းပေါ်တွင် ခြေကျင်းဝတ်ခန့်အထိ ရေများလည်း ရှိနေကြောင်း၊ လမ်းခရီးတစ်နေရာအရောက်၌ အခြားယာဉ်နှစ်စီးဖြင့်လည်းကောင်း ပြောင်းရွှေ့စီးနင်း၍ ဆက်လက်ထွက်ခွာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာတစ်ရွာသို့ရောက်ရှိပြီး အဆိုပါကျေးရွာရှိ ခြံတစ်ခုအတွင်း၌ (၁၅)ရက်ခန့်နေထိုင်ခဲ့ကြောင်း၊ ထိုသို့နေထိုင်စဉ် ၎င်းတို့အနက်မှ (၆၀)ဦးအား ပွဲစားများမှအသီးသီးလာရောက်ခေါ်ဆောင် သွားခဲ့သဖြင့် ၎င်းတို့(၁၂)ဦးသာ ကျန်ရှိခဲ့ကြောင်း၊ ၎င်းတို့အား ၁၄-၁၁-၂၀၂၂ ရက်နေ့ ၁၄၀၀ အချိန်တွင် အဖြူရောင် မော်တော်ယာဉ်တစ်စီးဖြင့်လည်းကောင်း၊ ထို့နောက်အဖြူရောင်အငှားယာဉ်နှစ်စီးဖြင့်လည်းကောင်း အဆင့်ဆင့်ပြောင်းရွှေ့ခေါ်ဆောင်ကာ တွေ့ရှိထိန်းသိမ်းခံရသည့်နေရာ၌ ချထားပေးစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းခံခဲ့ရခြင်းဖြစ်ကြောင်းသိရှိရပါသည်။

အဆိုပါထိန်းသိမ်းထားရှိသူ ဘင်္ဂါလီလူမျိုးများအား အသေးစိတ်စစ်ဆေးချက်အရ ၎င်းတို့ကိုသယ်ယူပို့ဆောင် ထိန်းသိမ်းထားရှိရာတွင် ကိုယ်တိုင်ပါဝင်ကြီးကြပ်ဆောင်ရွက်သူဖြစ်သည့် သန့်ဇင်ဦး(ခ)သူရိန်၊ မော်တော်ယာဉ်များဖြင့် အဆင့်ဆင့်သယ်ယူပို့ဆောင်ပေးကြသူများဖြစ်ကြသည့် မြတ်စိုးဦး(ခ)ပြောင်ကြီး၊ ထက်ကျော်၊ အောင်သူ၊ မြင့်စိန်၊ ဇော်ဇော်လတ်(ခ)ရခိုင်လေး၊ ကျော်ကျော်(ခ)ကျော်ကြီးနှင့် မင်းမင်းထိုက်တို့အားလည်းကောင်း၊ ဘင်္ဂါလီများအား လက်ခံထိန်းသိမ်းထားရှိပေးသူများဖြစ်ကြသည့် အေးခိုင်(ခ)ကိုအောင်၊ အောင်အောင်၊ ဇော်အောင်(ခ)မောင်ဇော်နှင့် ဇော်ဝင်း(ခ)အလီဘိုင်တို့ စုစုပေါင်း (၁၂)ဦး၊ ဇော်ဝင်း(ခ)အလီဘိုင်၏ နေအိမ်တွင်ထိန်းသိမ်းထားရှိသည့် ဘင်္ဂါလီလူမျိုး မိုဟာမက်ဂျာဘဲပါ အမျိုးသား(၁၉)ဦးနှင့်အတူ ဘင်္ဂါလီလူမျိုးများကို သယ်ယူပို့ဆောင်ရာတွင်အသုံးပြုခဲ့သည့် **YGN 3C-6928** နံပါတ်ပါ ဆီဘောက်ဆာ ဖြူ/ပြာရောင်ယာဉ်ပါ မော်တော်ယာဉ်(၆)စီးတို့အား ၉-၁၂-၂၀၂၂ ရက်နေ့နှင့် ၁၆-၁၂-၂၀၂၂ ရက်နေ့တို့တွင် အသီးသီးဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိသူတရားခံများ၏ ထွက်ဆိုချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံဒုက္ခသည်စခန်းမှ ဘင်္ဂါလီလူမျိုးများအား မလေးရှားနိုင်ငံသို့ ပို့ဆောင်ရာတွင် သန့်ဇင်ဦး(ခ)သူရိန်၊ ထက်ကျော်၊ မြတ်စိုးဦး(ခ)ပြောင်ကြီး၊ မင်းမင်းထိုက်၊ အေးခိုင်(ခ)ကိုအောင်၊ ဇော်အောင်(ခ)မောင်ဇော်နှင့် အောင်အောင်တို့ပါဝင်သည့် အဖွဲ့က ရခိုင်ပြည်နယ်၊ စစ်တွေဘက်မှဝင်ရောက်လာသည့် ဘင်္ဂါလီလူမျိုးများအား ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ သွားရောက်ခေါ်ဆောင်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခေတ္တထိန်းသိမ်းပေးရန် ဘင်္ဂါလီတစ်ဦးလျှင် (၇)သိန်းကျပ်နှုန်းဖြင့် လက်ခံဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းတို့အဖွဲ့ လက်ခံထိန်းသိမ်းထားသည့် ဘင်္ဂါလီလူမျိုးများအား အလီလီသယ်ဆောင်သည့်လူများက လာရောက်ခေါ်ဆောင်ကာ မလေးရှားနိုင်ငံသို့ ပို့ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုသို့သယ်ယူထိန်းသိမ်းပေးခြင်းအား အခကြေးငွေယူ၍ ဆောင်ရွက်ခဲ့သည်မှာ (၅)ကြိမ်ခန့်ရှိပြီဖြစ်ပြီး ဘင်္ဂါလီလူမျိုး (၂၅၅) ဦးတို့အား တရားမဝင် သယ်ဆောင်ထိန်းသိမ်းပေးခဲ့ကြောင်းဖော်ထုတ်သိရှိရပါသည်။

**စာမျက်နှာ (၈)သို့**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၁၀၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း (ကဖင်း) ၁ ဒသမ ၃၅ တန်ဖမ်းဆီးရမိ

၂၈-၁၂-၂၀၂၂ရက်နေ့ ၁၂၀၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တာချီလိတ်မှ ကျိုင်းတုံဘက်သို့ စိုင်းဆန်ခေးမောင်းနှင်ပြီး စိုင်းလှိုင်းပန်လိုက်ပါလာသည့် Nissan (၁၂)ဘီးမော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ အုတ်ကြွပ်အမိုးပြားများဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် သိန်း (၁၀၀၀)ကျော် တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း(ကဖင်း) ၁ ဒသမ ၃၅ တန်၊ မွေစက်အကြီး(၂)လုံးနှင့် အသေး(၂)လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိထိန်းချုပ်ဓာတုပစ္စည်း(ကဖင်း)များအား မဲခေါင်မြစ်ကြောင်းမှတစ်ဆင့် တာချီလိတ်မြို့နယ်သို့ ရောက်ရှိပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



## မွန်ပြည်နယ်၊ ဘီးလင်းမြို့တွင် ငွေကျပ် ၅ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၀ ကီလိုဖမ်းဆီးရမိ




၃၀-၁၂-၂၀၂၂ ရက်နေ့ ဝ၈၀၀ အချိန်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မွန်ပြည်နယ်၊ ဘီးလင်းမြို့အဝင်စစ်ဆေးရေးဂိတ်၌ ကျိုက်ထိုဘက်မှသထုံဘက်သို့ လှထွန်း(ခ)အုန်းမြင့်မောင်းနှင်ပြီး စိုင်းလွင်ဦးလိုက်ပါလာသည့် DYNA (၆)ဘီးမော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၅ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၀ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရန်ကုန်တိုင်းဒေသကြီး၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းမှ ဘင်္ဂါလီလူမျိုးများအား မလေးရှားနိုင်ငံသို့ အလုပ်လုပ်ကိုင်ရန်အတွက် တရားမဝင် သယ်ယူပို့ဆောင်ပေးသူများအား ဖော်ထုတ်ဖမ်းဆီးရမိ ... မှ

ထိုသို့တရားမဝင် သယ်ဆောင်ထိန်းသိမ်းပေးခဲ့သည့် (၅)ကြိမ်အနက် ပဉ္စမအကြိမ် ၄-၁၂-၂၀၂၂ ရက်နေ့တွင် စစ်တွေမြို့မှ မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ပဒါန်းမြို့၊ ပုသိမ်-မုံရွာကားလမ်းဘေးတောစပ်တစ်နေရာသို့ ဘင်္ဂါလီလူမျိုး(၃၃)ဦးအား ချိန်းဆိုပို့ဆောင်ပေးခဲ့သဖြင့် မြတ်စိုးဦး(ခ)ပြောင်ကြီးမှ YGN 3C-6928 ဆီဘောက်ဆာကားအား မောင်းနှင်ကာ ဇော်အောင်(ခ)မောင်ဇော်က အဖော်အဖြစ်လိုက်ပါ၍ သွားရောက်သယ်ဆောင်ခဲ့ကြောင်း၊ ထိုသို့ သယ်ဆောင်ရာတွင် ပုသိမ်-မုံရွာကားလမ်းအတိုင်းမောင်းနှင်ခဲ့ကြောင်း၊ ပန်တိုင်စစ်ဆေးရေးဂိတ်အရောက်တွင် ဆီဘောက်ဆာကားအမိုးပေါ်ရှိ လေဝင်ရန်ဖွင့်ထားသော အဖုံးများအားပိတ်၍မောင်းနှင်ခဲ့ကြောင်း၊ ပန်တိုင်စစ်ဆေးရေးဂိတ်ကျော်သည့်အခါ အဖုံးများအားပြန်ဖွင့်ပေးခဲ့ကြောင်း၊ ထန်းတပင်မြို့နယ်၊ သီတာအေးလမ်းဆုံစစ်ဆေးရေးဂိတ်အနီးအရောက်တွင် အဖုံးများအားပြန်ပိတ်၍ မောင်းနှင်ခဲ့ကြောင်း၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ နည်းပညာတက္ကသိုလ်အနီးအရောက်တွင် ပိတ်ထားသောအဖုံးများအား လေဝင်စေရန်ပြန်ဖွင့်ပေးခဲ့ရာ ဆီဘောက်ဆာကားနောက်ဆုံးအကန့်တွင်လိုက်ပါစီးနင်းလာသည့် ဘင်္ဂါလီလူမျိုး အမျိုးသား(၁၃)ဦးသည် ပါးစပ်မှအမြှုပ်များထွက်၍ သေဆုံးသွားခဲ့ကြကြောင်း၊ အသက်ရှင်ကျန်သူ ဘင်္ဂါလီလူမျိုး(၂၀)ဦးအား အေးခိုင်နှင့်ဇော်ဝင်း(ခ)အလီဘိုင်တို့၏ နေအိမ်များတွင် ထိန်းသိမ်းထားရှိခဲ့ပြီး သေဆုံးသူဘင်္ဂါလီ(၁၃)ဦးအား အဆိုပါနေ့ ၁၉၃၀ အချိန်တွင် ဖောကားဖြင့် သယ်ဆောင်ပြီး လှည်းကူးမြို့နယ်၊ ဘားလားကျေးရွာအနီး တပင်ရွှေထီးလမ်းမပေါ်၌ သွားရောက်စွန့်ပစ်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါသည်။

ဖြစ်စဉ်များတွင် ဘင်္ဂါလီလူမျိုး(၂၅၅)ဦးအား တရားမဝင်သယ်ဆောင်ထိန်းသိမ်းထားမှုတွင် ပူးပေါင်းပါဝင်ပတ်သက်ခဲ့သည့် တရားခံအမျိုးသား(၁၂)ဦးတို့အား ဘင်္ဂါလီလူမျိုးများအား တရားမဝင်သယ်ယူပို့ဆောင်ရာတွင် အသုံးပြုခဲ့သည့် ဆီဘောက်ဆာယာဉ်(၁)စီး၊ **Toyota Vanguard** မော်တော်ယာဉ်(၁)စီး၊ **Toyota Crown** မော်တော်ယာဉ်(၁)စီး၊ **Hyundai Starex** မော်တော်ယာဉ်(၁)စီး၊ **Toyota Probox** မော်တော်ယာဉ်(၂)စီး၊ စုစုပေါင်းမော်တော်ယာဉ်မျိုးစုံ(၆)စီးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတရားမဝင် ဝင်ရောက်လာသည့် ဘင်္ဂါလီလူမျိုးများနှင့် တရားမဝင်သယ်ဆောင် ထိန်းသိမ်းထားရှိသူ ဖမ်းဆီးရမိ တရားခံများအား ဥပဒေနှင့်အညီထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖမ်းဆီးရန်ကျန်ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး တစ်လျှောက်ရှိ အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ ရဲစခန်းဖုန်းနံပါတ်များ

| ရုံး | မိုင်တိုင် | ရုံး/ရဲစခန်း | ဖုန်းနံပါတ် |
|---|---|---|---|
| ၁ | - | အမြန်လမ်းမကြီးတာဝန်မှူးရုံး | ၀၉၄၂၀၈၈၈၈၀၄ |
| ၂ | ၁၁/၀ | (၃) လမ်းဆုံရဲစခန်း | ၀၉၄၂၀၈၈၈၈၀၅ |
| ၃ | ၃၉/၀ | ဘောနတ်ကြီးရဲစခန်း | ၀၉၄၂၀၈၈၈၈၀၆ |
| ၄ | ၅၈/၁ | ဘောနီရဲစခန်း | ၀၉၄၂၀၈၈၈၈၀၈ |
| ၅ | ၇၂/၀ | အုတ်ရှစ်ကုန်းရဲစခန်း | ၀၉၄၂၀၈၈၈၈၀၇ |
| ၆ | ၈၃/၂ | မြို့ချောင်းရဲစခန်း | ၀၉၄၂၀၈၈၈၈၀၉ |
| ၇ | ၁၁၅/၀ | ဖြူးရဲစခန်း | ၀၉၄၂၀၈၈၈၈၁၀ |
| ၈ | ၁၃၇/၆ | ဗောဓိကုန်းရဲစခန်း | ၀၉၄၂၀၈၈၈၈၁၁ |
| ၉ | ၁၄၆/၄ | ဇီးပင်သာရဲစခန်း | ၀၉၄၂၀၈၈၈၈၁၃ |
| ၁၀ | ၁၇၂/၆ | သာဂရရဲစခန်း | ၀၉၄၂၀၈၈၈၈၁၂ |
| ၁၁ | ၂၀၁/၁ | ပလွေးရဲစခန်း | ၀၉၄၂၀၈၈၈၈၀၈ |
| ၁၂ | ၂၂၀/၃ | ပန်းတင်ရဲစခန်း | ၀၉၄၂၀၈၈၈၈၁၄ |
| ၁၃ | ၂၃၃/၇ | ဘုရားတောင်ရဲစခန်း | ၀၉၄၂၀၈၈၈၈၁၅ |
| ၁၄ | ၂၆၂/၃ | ပေပင်လေးရဲစခန်း | ၀၉၄၂၀၈၈၈၈၁၆ |
| ၁၅ | ၂၈၄/၄ | သီးကုန်းရဲစခန်း | ၀၉၄၂၀၈၈၈၈၁၇ |
| ၁၆ | ၃၂၅/၄ | ပြင်စည်ရဲစခန်း | ၀၉၄၂၀၈၈၈၈၁၉ |
| ၁၇ | ၃၅၂/၂ | စကားအင်းရဲစခန်း | ၀၉၄၂၀၈၈၈၈၂၀ |

## မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်း ဖွင့်ပွဲအခမ်းအနားများကျင်းပ

**တနင်္သာရီတိုင်းဒေသကြီး**

၃၀-၁၂-၂၀၂၂ရက်၊ ၁၁၀၀အချိန်၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ကျွန်းရတနာအစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်စန်းဝင်း (မြို့နယ်အုပ်ချုပ်ရေးမှူး)နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်/ ကျေးရွာအုပ်စု စာရေးများ တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် မြို့နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အဆိုပါသင်တန်းကို ၂၇-၁၂-၂၀၂၂ရက်နှင့် ၂၈-၁၂-၂၀၂၂ရက်နေ့တို့တွင် ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။



**ဧရာဝတီတိုင်းဒေသကြီး**



၂၇-၁၂-၂၀၂၂ရက်၊ ၁၀၀၀အချိန်၊ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မော်ရောအစည်းအဝေးခန်းမ၌ မြို့နယ်(**Working Group**) မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက် သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ မြို့နယ်(**Working Group**) မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသီဟဇော်(မြို့နယ်အုပ်ချုပ်ရေးမှူး)နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ရပ်ကွက်/ ကျေးရွာအုပ်စု စာရင်းကောက်ယူရေးအဖွဲ့(၁၉၄)ဖွဲ့ မှ အဖွဲ့ဝင်များ စုစုပေါင်းအင်အား (၂၅၂)ဦး တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် မြို့နယ်(**Working Group**) မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးက စာရင်းကောက်ယူရေးဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းပြောကြားခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

၉-၁-၂၀၂၃ရက်၊ ၀၉၃၀အချိန်၊ ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၃)သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ရာ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဆန်း၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အရာထမ်းများနှင့် သင်တန်းသူ/သားများ တက်ရောက်ခဲ့ကြပါသည်။ သင်တန်းကို ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားရေး၊ စိတ်ဓာတ်တိုးတက်မြင့်မားရေးနှင့် ရုံးလုပ်ငန်းများ ထိရောက်၍ စွမ်းဆောင်ရည် မြင့်မားရေးတို့အတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ၊ ၂၀၂၂ ခုနှစ်၊ မတ်လနှင့် နိုဝင်ဘာလအတွင်း အသစ်ခန့်ထားသော ဝန်ထမ်းများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။






## ဝန်ထမ်းများအား အခြေခံစားသောက်ကုန်ပစ္စည်းများအား ထောက်ပံ့ပေးအပ်ခြင်း

၂၀-၁၂-၂၀၂၂ရက်၊ ၁၆၀၀အချိန်၊ ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဧရာရွှေဝါခန်းမ၌ ဝန်ထမ်းများအား အခြေခံ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနား ကျင်းပ ပြုလုပ်ခဲ့ရာ အခမ်းအနားတွင် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးဝေဇင်ထွန်းနှင့် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း/ အမှုထမ်း ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနား၌ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားရာတွင် ဝန်ထမ်းများအား မိမိကိုယ်ပိုင်ဝင်ငွေဖြင့် လုံလောက်အောင်စနစ်တကျသုံးစွဲရန်နှင့် ကျန်းမာရေး အဓိကကောင်းမွန်ရန်လိုကြောင်း ပြောကြားခဲ့ပြီး ဝန်ထမ်းတစ်ဦးလျှင် အခြေခံ စားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်နှင့်ဘဲဥတို့အား ထောက်ပံ့ပေးအပ်ခဲ့ ကြောင်း သတင်းရရှိပါသည်။



## ယစ်မျိုးဆိုင်များအား ယစ်မျိုးစည်းမျဉ်းစည်းကမ်းများနှင့်အညီရောင်းချမှု ရှိ/ မရှိကွင်းဆင်းစစ်ဆေး



၂၆-၁၂-၂၀၂၂ရက်၊ ၀၉၀၀အချိန်၊ ရှမ်းပြည်နယ်၊ မိုင်းဆတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဟိန်းကျော်(ခရိုင်အုပ်ချုပ်ရေးမှူး)သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့်အတူ မိုင်းဆတ်မြို့နယ်အတွင်း ယစ်မျိုးဆိုင်များအား ယစ်မျိုးစည်းမျဉ်းစည်းကမ်းများနှင့်အညီရောင်းချမှုရှိ/ မရှိ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစစ်ဆေး စောင့်ရှောက်ပေးခြင်းနှင့် ဆေးဝါးများ အခမဲ့ဖြန့်ဝေပေးခြင်းအခမ်းအနားတက်ရောက်



၂၁-၁၂-၂၀၂၂ရက်၊ ၀၉၃၀အချိန်၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဝေါမြို့နယ်၊ ပြည်သူ့ဆေးရုံ၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း (၇၀)ဦးအား အခမဲ့ကျန်းမာရေးစစ်ဆေးစောင့်ရှောက်ပေးခြင်း၊ ဆေးဝါးများ အခမဲ့ဖြန့်ဝေပေးခြင်း အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်း (မြို့နယ်အုပ်ချုပ်ရေးမှူး)နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

## မြစ်ကြီးနားမြို့နယ်၊ ပမ္မတီးရပ်ကွက်၊ နယ်မြေ (၆)၊ အိမ်အမှတ် (၁၄၄)တွင် နေအိမ်မီးလောင်မှုဖြစ်ပွား




ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ပမ္မတီးရပ်ကွက်၊ နယ်မြေ(၆)၊ အိမ်အမှတ်(၁၄၄)တွင် ၁၄-၁-၂၀၂၃ ရက်နေ့၊ ၁၁ ၁၂ အချိန်ခန့်က ပိုင်ရှင် ဒေါ်အေးအေးမြင့်၏ (၂၀×၂၀)ပေ သွပ်မိုး၊ ပျဉ်ကာ (၁)ထပ် နေအိမ်အနောက်ရှိ (၂၀×၁၀)ပေ သွပ်မိုး၊ ထရံကာ၊ မြေစိုက်မီးဖိုဆောင်အတွင်းတွင် ရေခဲသေတ္တာ **Safe-guard** အပူလွန်ကဲရာမှ မီးကူးစက်လောင်မှုဖြစ်ပွားကြောင်း ၁၁ ၁၄ အချိန် သတင်းရရှိသဖြင့် မြစ်ကြီးနားမြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် (၁)စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ သန္ဓေ (၁၈)ဦး၊ အရန် (၅)ဦးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ၁၁ ၃၅အချိန် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့်(၂၀×၂၀)ပေ သွပ်မိုး၊ ပျဉ်ကာ(၁)ထပ်နေအိမ်(၁)လုံးနှင့် (၂၀×၁၀)ပေ သွပ်မိုး၊ ထရံကာ၊ မြေစိုက်မီးဖိုဆောင် (၁)လုံး မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။

## မုဒုံမြို့နယ်၊ ကွမ်လှာကျေးရွာတွင် နေအိမ်မီးလောင်မှုဖြစ်ပွား



မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကွမ်လှာကျေးရွာတွင် ၂၀-၁၂-၂၀၂၂ ရက်နေ့၊ ၁၂ ၅၀ အချိန်ခန့်က ပိုင်ရှင် ဦးမြိုင်၏(၁၅×၂၅)ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ ခြေတံရှည်နေအိမ်တွင် အင်ဗာတာဖြင့် ဓာတ်မီးအားသွင်းခဲ့ရာမှ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားကြောင်း ၁၂ ၅၉ အချိန် သတင်းရရှိသဖြင့် မုဒုံမြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်(၁)စီး၊ သံဖြူဇရပ်မြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်(၂)စီး၊ ရေသယ်ယာဉ်(၁)စီး၊ နှီးပဒေါ အရန်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် (၁)စီး၊ ရောင်းဒေါင်းအရန်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် (၁)စီး၊ ကွမ်လှာအရန်မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ် (၁)စီး၊ ညောင်းကုန်းအရန်မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ သန္ဓေ (၂၁)ဦး၊ အရန် (၁၀)ဦး တို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ၁၃ ၁၅ အချိန် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် (၁၅×၂၅)ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ ခြေတံရှည်နေအိမ်(၁)လုံးနှင့် (၁၅×၂၀)ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ ခြေတံရှည်နေအိမ် (၁)လုံးတို့ မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။

## ပေါက်တောမြို့နယ်၊ အမှတ် (၃)ရပ်ကွက်ရှိ လက်ဖက်ရည်ဆိုင်အတွင်း မြွေဝင်ရောက်မှုဖြစ်ပွား



ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ အမှတ်(၃)ရပ်ကွက်တွင် ၁၂-၁၂-၂၀၂၂ ရက်နေ့၊ ၁၄ ၀၀ အချိန်ခန့်က "အီးမြရိပ်" လက်ဖက်ရည်ဆိုင်အတွင်းသို့ အရှည်(၈)ပေ၊ လုံးပတ်(၁၀)လက်မခန့်ရှိ စပါးကြီးမြွေ ဝင်ရောက်မှုဖြစ်ပွားကြောင်း ၁၄ ၀၃ အချိန် သတင်းရရှိသဖြင့် ပေါက်တောမြို့နယ်မီးသတ်စခန်းမှ သန္ဓေ (၅)ဦးတို့ဖြင့် သွားရောက်ဖမ်းဆီးခဲ့ပြီး နတ်တောင်ပြင်တောအတွင်းသို့ သွားရောက်လွှတ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်သူလူထုအား အချိန်မီကူညီကယ်ဆယ်နိုင်ရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်တွင် ရှာဖွေကယ်ဆယ်ရေးသင်တန်းများအပြင် ပရဟိတအသင်းအဖွဲ့များနှင့် ပူးပေါင်းဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်





ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်တွင် ၁၆-၁-၂၀၂၃ရက်နေ့၊ ၀၉ ၀၀ အချိန်တွင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ ဦးဆောင်၍ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းအမှတ်စဉ်(၄/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို သီတာခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ လေ့ကျင့်ရေးကွင်း အတွင်း၌ ဇာတ်တိုက်လေ့ကျင့်သရုပ်ပြမှုတွင် သဘာဝဘေးအန္တရာယ်အရေးပေါ် အခြေအနေကျရောက်လာပါက မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပရဟိတ လူမှုကူညီရေး အသင်းအဖွဲ့များ ပါဝင်ကူညီဆောင်ရွက်ရာတွင် **191 Report Mobile Application** အသုံးပြု၍ သတင်းပေးပို့ခြင်းနှင့် **Command & Control Center (C3)** ရှိ တာဝန်ကျမီးသတ်တပ်ဖွဲ့ဝင်များမှ သတင်းအတည်ပြု နိုင်ရေးနှင့် ဖြစ်စဉ်အခြေအနေအား ပြန်လည်ဆက်သွယ်၍ မီးသတ်ယာဉ်များနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ်များစေလွှတ်ပေးခြင်း၊ ရှာဖွေကယ်ဆယ်ရေး (အထူး) တပ်ဖွဲ့ဝင်များမှ လုပ်ငန်းတာဝန်များခွဲဝေဆောင်ရွက်ခြင်း၊ သူနာတင်ယာဉ် များအား ပရဟိတအဖွဲ့များအနေဖြင့် သတ်မှတ်စည်းကမ်းချက်များအတိုင်း ချဉ်းကပ်ခြင်းသရုပ်ပြလေ့ကျင့်မှု ပြိုင်ပွဲအစီအစဉ်များ ကျင်းပပြုလုပ်ပြီး ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူမှ ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ၊ ဌာနခွဲ/ဌာနစုများမှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသော ပရဟိတအသင်းအဖွဲ့များ စုစုပေါင်းအင်အား (၃၀၀)ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မီးသတ်စခန်းမှူးသင်တန်း အမှတ်စဉ်(၂၁/၂၀၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပခြင်း





မီးသတ်ဦးစီးဌာနတွင် မီးသတ်စခန်းမှူးသင်တန်း အမှတ်စဉ်(၂၁/၂၀၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၂၃-၁-၂၀၂၃ ရက်နေ့၊ နံနက် ၀၉ ၀၀အချိန် တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်၊ ကျန်စစ်သားခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အရာရှိသင်တန်း သားများအား မီးသတ်တပ်ဖွဲ့တွင် အရည်အချင်း ပြည့်ဝသည့် မီးသတ်အရာရှိများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန်၊ အရာရှိများအနေဖြင့် အဆင့်မြင့်မီးသတ် ပညာရပ်များ၊ ရုံးလုပ်ငန်းတာဝန်များကို နားလည်တတ်ကျွမ်းပြီး တစ်ဦးချင်း လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားလာစေရန်နှင့် နိုင်ငံတော်၏ စီမံကိန်း များ၊ ဝန်ကြီးဌာန၏မူဝါဒလမ်းညွှန်ချက်များကို သိရှိနားလည်ပြီး မီးသတ် ဦးစီးဌာန၏ မူဝါဒရည်မှန်းချက်တာဝန်များကို အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်မီးသတ်ဦးစီးမှူးများ၊ အရာရှိ သင်တန်းသားများ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှ မတ်လ ၃ ရက်နေ့အထိ ရက်သတ္တ(၅)ပတ်ကြာ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ အရာရှိသင်တန်းသား အင်အား(၅၀)ဦးဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ သီတာခန်းမတွင် မီးသတ်ကျင့်ဝတ်စာမေးပွဲ ကျင်းပပြုလုပ်





ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ လေ့ကျင့်ရေးဌာနစု၊ သီတာခန်းမတွင် ၁၅-၁-၂၀၂၃ ရက်နေ့၊ ၁၀ ၀၀ အချိန်တွင် ဗဟိုအဆင့်ကျင့်ဝတ်စာမေးပွဲဝင်ရောက်ဖြေဆိုရေး ရွေးချယ်မည့် ကျင့်ဝတ်ဖြေဆိုမှုအား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်ရှိ ဌာနခွဲ၊ ဌာနစုအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အခြားအဆင့်တပ်ဖွဲ့ဝင် (၇၇)ဦး၊ အရာရှိအဆင့်တပ်ဖွဲ့ဝင်(၅၀)ဦးတို့ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး အခမ်းအနားသို့ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် အရာရှိကြီးများ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ယာဉ်မောင်းသင်တန်း အမှတ်စဉ်(၇၆/၂၀၂၂) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပခြင်း






မီးသတ်ဦးစီးဌာနတွင် ယာဉ်မောင်းသင်တန်း အမှတ်စဉ် (၇၆/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနားကို ၁၃-၁-၂၀၂၃ရက်နေ့၊ နံနက် ၀၉ ၀၀အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ သီတာခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့အထိ ရက်သတ္တ(၇)ပတ်ကြာ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ သင်တန်းသားအင်အား(၅၀)ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့ဌာနချုပ်မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးခရိုင်မီးသတ်ဦးစီးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မြို့နယ်မီးသတ်ဦးစီးမှူးသင်တန်း အမှတ်စဉ်(၁၅/၂၀၂၂) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပခြင်း





မီးသတ်ဦးစီးဌာနတွင် မြို့နယ်မီးသတ်ဦးစီးမှူး သင်တန်းအမှတ်စဉ် (၁၅/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနားကို ၂၃-၁၂-၂၀၂၂ ရက်နေ့၊ နံနက် ၀၉၀၀အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ သီတာခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူက သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ ၂၈ရက်နေ့မှ ဒီဇင်ဘာလ၂၃ ရက်နေ့အထိ ရက်သတ္တ(၃)ပတ်ကြာ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အရာရှိသင်တန်းသား အင်အား(၅၀)ဦးဖြင့်ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်မီးသတ်ဦးစီးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မှော်ဘီမြို့နယ်၊ အမှတ်(၄)လမ်းမကြီး၊ လိပ်ပုတ်ကျေးရွာအုပ်စု၊ လိပ်ပုတ်ကျေးရွာရှိ Grand Royal အရက်ချက်စက်ရုံ မီးလောင်မှုဖြစ်ပွား






ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အမှတ်(၄)လမ်းမကြီး၊ လိပ်ပုတ်ကျေးရွာအုပ်စု၊ လိပ်ပုတ်ကျေးရွာတွင် ၁၃-၁-၂၀၂၃ ရက်နေ့၊ ၁၅ ၂၉အချိန်ခန့်က **Grand Royal** အရက်ချက်စက်ရုံ မီးလောင်မှုဖြစ်ပွားကြောင်း ၁၅ ၃၀ အချိန် သတင်းရရှိသဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ ဦးဆောင်၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် ယာဉ်အုပ်စုနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများမှ **Level ၃** ယာဉ်အုပ်စု၊ စုစုပေါင်းမီးငြိမ်းသတ်ယာဉ် (၄၀)စီး၊ မီးသတ်ရေသယ်ယာဉ်(၁၉)စီး၊ အထောက်အကူပြုယာဉ် (၂၂)စီး၊ ကွပ်ကဲမှုယာဉ် (၈)စီး၊ သနွေ (၅၀၃)ဦး၊ အရန် (၉၇)ဦးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၀၇ ၀၀ အချိန် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် **RF 96%** အရက်ဆီဂါလန်(၅၀၀၀၀)ဆံ့ **Tank** (၃)လုံး၊ **RF 50%** အရက်ဆီလီတာ(၂၀၀၀၀)ဆံ့ **Tank** (၆)လုံး၊ ဂိုထောင်(၃)လုံး မီးလောင်ခံရပြီး သနွေ(၄)ဦး၊ အရန်(၁၅)ဦး၊ **Grand Royal** မှ ဝန်ထမ်း (၁)ဦး စုစုပေါင်း (၂၀)ဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ကြောင်း သတင်းရရှိပါသည်။

## မီးသတ်ဦးစီးဌာန၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဆွေးနွေးပွဲကျင်းပ



ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ သီတာခန်းမတွင် ၁၆-၁၂-၂၀၂၂ ရက်နေ့က မီးသတ်ဦးစီးဌာန၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဆွေးနွေးပွဲကို မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ဇနီး ဒေါ်ခင်ယုံ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲတွင် မိသားစုဝင်များနှင့် တပ်ဖွဲ့ဝင်အမျိုးသမီးဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌက သဘာပတိအဖြစ်ဆောင်ရွက်ပြီး၊ တပ်ဖွဲ့ဝင်အမျိုးသမီး ဝန်ထမ်းများ ကိုယ်စား ဒုတိယမီးသတ်ဦးစီးမှူး ဒေါ်ဝတ်ရည်ခိုင်က **"လူငယ်တွေကို အန္တရာယ်ထဲတွန်းပို့နေတဲ့ဂိမ်းတွေကိုသတိပြု"** ဒုတိယမီးသတ်ဦးစီးမှူး ဒေါ်ထိပ်ထားလှိုင်က **"လျှပ်စစ်ကို လိုအပ်မှသုံးချွေတာသုံးဘေးကင်းလုံခြုံသတိရှိစေချင်"** ဒုတိယမီးသတ်ဦးစီးမှူး ဒေါ်ခင်ဖြိုးမြင့်က **"ဆောင်းဦးရာသီမှာ သတိပြုစရာများ"** နှင့် ဒုတိယမီးသတ်ဦးစီးမှူး ဒေါ်ငုဝါရည်က **"ကလေးများတွင် ဖြစ်ပွားသော ကလေးတီဘီရောဂါ"**ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဆွေးနွေးသွားပါသည်။ ထို့နောက်မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် ထပ်ဆင့်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

## ကလောမြို့နယ်၊ ရေယောင်းမကျေးရွာအနီး၊ တောင်ကြီး-မိတ္ထီလာ ကားလမ်းမကြီးဘေး၊ မိုင်တိုင်အမှတ် (၆၃/၃)နှင့် (၆၃/၄)အကြား၊ ထမင်းဆိုင်အနောက်ဘက်တွင် မြေပြိုကျမှုဖြစ်ပွား

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ရေယောင်းမကျေးရွာအနီး၊ တောင်ကြီး-မိတ္ထီလာ ကားလမ်းမကြီးဘေး၊ မိုင်တိုင်အမှတ်(၆၃/၃)နှင့်(၆၃/၄)အကြား၊ ထမင်းဆိုင် အနောက်ဘက်တွင် ၁-၁-၂၀၂၃ရက်နေ့၊ ၁၁ ၃၀အချိန်ခန့်က မြေထိန်းနံရံပြုလုပ်ရန်အတွက် မြေတူးနေစဉ် မြေပြိုကျ၍ ကျား (၃)ဦး ပိတ်မိနေကြောင်း ၁၁ ၃၄အချိန် သတင်းရရှိခဲ့ရာ ကလောမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် (၁)စီး၊ အုပ်ချုပ်မှုယာဉ်(၁)စီး၊ သနွေ(၅)ဦး၊ အရန်(၂)ဦးတို့သည် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက် ကူညီဆောင်ရွက်ခဲ့ရာ ၁၃ ၅၀ အချိန် ကယ်ဆယ်နိုင်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးကြောင်း သတင်းရရှိပါသည်။



## မင်းဘူးမြို့နယ်၊ ကန်ရေကျေးရွာတွင် နေအိမ်မီးလောင်မှုဖြစ်ပွား

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ ကန်ရေကျေးရွာတွင် ၈-၁-၂၀၂၃ ရက်နေ့၊ ၁၅ ၄၅ အချိန်ခန့်က ပိုင်ရှင် ဦးဘိုဘိုဌေး၏ (၃၀×၂၀)ပေ သွပ်မိုး၊ ထရံကာ၊ မြေစိုက်(၁)ထပ်နေအိမ်တွင် အရက်မူး၍ ဆေးလိပ်သောက်ပြီးအိပ်ရာမှ အိပ်ရာခင်းပေါ်သို့ ဆေးလိပ်မီးကျပြီး မီးကူးစက်လောင်မှုဖြစ်ပွားကြောင်း ၁၅ ၄၈ အချိန် သတင်းရရှိသဖြင့် မင်းဘူးမြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်(၁)စီး၊ မီးသတ်ရေသယ်ယာဉ် (၁)စီး၊ သန္ဓေ(၁၅)ဦး တို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ၁၆ ၁၅အချိန် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့်(၃၀×၂၀)ပေ သွပ်မိုး၊ ထရံကာ၊ မြေစိုက် (၁)ထပ် နေအိမ် (၁)လုံး မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။



## ဗန်းမော်မြို့၊ နောင်ခိုရပ်ကွက်၊ မင်းလှရပ်တွင် နေအိမ်မီးလောင်မှုဖြစ်ပွား



ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ နောင်ခိုရပ်ကွက်၊ မင်းလှရပ်တွင် ၃၀-၁၂-၂၀၂၂ရက်နေ့၊ ၀၈ ၀၉ အချိန်ခန့်က ပိုင်ရှင်ဒေါ်ဆိုင်းဘူ၏ (၃၀×၃၀)ပေ အပေါ်ထပ်သွပ်မိုး၊ ဝါးထရံကာ၊ ပျဉ်ခင်း၊ အောက်ထပ်အုတ်ညှပ်၊ ကွန်ကရစ်ခင်း (၂)ထပ် နေအိမ်အပေါ်ထပ်အိပ်ခန်းအတွင်း ဖုန်းအားသွင်းထားရာမှ ဖုန်းဘတ္ထရီ အပူလွန်ကဲ၍ အနီးရှိအဝတ်အထည်များနှင့် ဝါးထရံသို့ မီးကူးစက်လောင်မှုဖြစ်ပွားကြောင်း ၀၈ ၁၅ အချိန် သတင်းရရှိသဖြင့် ဗန်းမော်မြို့နယ် မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်(၁)စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ သန္ဓေ (၁၅)ဦး တို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ၀၈ ၃၅ အချိန် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် (၃၀×၃၀)ပေ အပေါ်ထပ်သွပ်မိုး၊ ဝါးထရံကာ၊ ပျဉ်ခင်း၊ အောက်ထပ်အုတ်ညှပ်၊ ကွန်ကရစ်ခင်း(၂)ထပ်နေအိမ်၏ အပေါ်ထပ်မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။

## ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ ၅၇(B) × ၅၇ (C)အကြား၊ ၁၁၀ လမ်းနှင့် ၁၁၀ (A)အကြားတွင် ဆိုင်ကယ်အပိုပစ္စည်းအရောင်းဆိုင် မီးလောင်မှုဖြစ်ပွား

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ ၅၇ (B) x ၅၇(C)အကြား၊ ၁၁၀ လမ်းနှင့် ၁၁၀(A)အကြားတွင် ၂-၁-၂၀၂၃ ရက်နေ့၊ ၀၈ ၂၅ အချိန်ခန့်က ပိုင်ရှင် ဒေါ်ငြိမ်းစုတင်၏ (၇၀×၅၅)ပေ RC (မြေအောက်ထပ်ပါ) (၃)ထပ်၏ ပထမထပ်ရှိ ဆိုင်ကယ်အပိုပစ္စည်းအရောင်းဆိုင်တွင် Main Swith အပူလွန်ကဲပြီး အနီးရှိဆိုင်ကယ်အပိုပစ္စည်းများတင်ထားသည့် အထပ်သားစင်သို့ မီးကူးစက်လောင်မှုဖြစ်ပွားကြောင်း ၀၈ ၃၀ အချိန် သတင်းရရှိသဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများမှ အုပ်ချုပ်မှုယာဉ် (၃)စီး၊ မီးငြှိမ်းသတ်ယာဉ် (၁၀)စီး၊ မီးသတ်ရေသယ်ယာဉ် (၁၅)စီး၊ သန္ဓေ (၆၈)ဦး၊ အရန် (၁၀၀)ဦးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ၁၀ ၀၅အချိန် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် ဆိုင်ကယ်အပိုပစ္စည်းများ မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။



## ရသေ့တောင်မြို့နယ်ရှိ ရပ်ကွက်များတွင် မီးသတိပေးလှည့်လည်နှိုးဆော်ခြင်းလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်



မီးသတ်ဦးစီးဌာနသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် မီးသတိမူရေး အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၁၃-၁-၂၀၂၃ ရက်နေ့၊ ၁၀ ၀၀အချိန်တွင် ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ရသေ့တောင်မြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် ပြည်သူလူထုအား မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် မီးသတိပေးလှည့်လည်နှိုးဆော်ခြင်းလုပ်ငန်းများကို ရသေ့တောင်မြို့နယ်မီးသတ်စခန်းမှ သန္ဓေ (၃)ဦးဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

# ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း မီးလောင်ဆုံးရှုံးမှုနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ချက်များ

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု ၁၀၇ ကြိမ်ဖြစ်ပွားခဲ့ပြီး မီးအမျိုးအစားအလိုက် မီးဖိုမီး ၂၁ ကြိမ်၊ ပေါ့ဆမီး ၃၄ ကြိမ်၊ လျှပ်စစ်မီး ၃၆ ကြိမ်၊ မသမာသူရှို့မီး ၁၁ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၅ ကြိမ်ဖြစ်ပါသည်။ အိမ်ခြေအဆောက်အဦ ၁၃၆ လုံးတွင် ဂိုဒေါင် ၃ လုံး မီးလောင်ခံရပြီး မီးဘေးသင့်ပြည်သူ ၁၅၃ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပါသည်။ ၁၈ဦး ဒဏ်ရာရ၊ ၁၁ဦး သေဆုံးခဲ့ပြီး ငွေကျပ် ၇၅.၁၃၂ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ မှ ဒီဇင်ဘာလအထိ ၁၂ လတာကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မီးအမျိုးအစားအလိုက် မီးဖိုမီး ၂၂၉ ကြိမ်၊ ပေါ့ဆမီး ၄၂၈ ကြိမ်၊ အလိုအလျောက်မီး ၂၁ ကြိမ်၊ လျှပ်စစ်မီး ၄၆၂ ကြိမ်၊ မသမာသူရှို့မီး ၂၁၉ ကြိမ်၊ တောမီး ၄၄ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၉၇ ကြိမ်၊ မိုးကြိုးပစ် ၇ ကြိမ် စုစုပေါင်း ၁,၅၀၇ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၃,၅၈၀ လုံးတွင် စက်ရုံ/အလုပ်ရုံ ၈ လုံးနှင့် ဂိုဒေါင် ၂၉၆ လုံး မီးလောင်ခံခဲ့ရပြီး မီးဘေးသင့်ပြည်သူ ၈,၉၀၉ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါသည်။ မီးလောင်မှုကြောင့် လူ ၉၆ ဦးသေဆုံး၊ ၁၃၉ ဦး ဒဏ်ရာရရှိကာ တိရစ္ဆာန် ၈,၂၃၉ ကောင်သေဆုံးပြီး ငွေကျပ် ၆၇၆.၅၂၃ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

မီးလောင်မှုများတွင် "မီးဖိုမီး၊ လျှပ်စစ်မီး၊ ပေါ့ဆမီး"များသည် အများဆုံးတွေ့ရှိရသောအချက်များဖြစ်သည့်အတွက် မီးဖိုမီးကြောင့်ဖြစ်ပွားတတ်သော မီးလောင်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဖိုအနီးလူစောင့်ထားရှိခြင်း၊ လောင်စာဆီများ မထားကြရန်နှင့် အိုမင်းမစွမ်းသူများ၊ ကလေးငယ်များအားမီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းခြင်း၊ မီးဖိုနံဘေးနှင့် အမိုး/နံရံအကြား လုံလောက်သော အပူခံအကာအရံများထားရှိစေခြင်းဖြင့် မီးလောင်မှုမှ ကင်းဝေးစေမည် ဖြစ်ပါသည်။ မီးလောင်မှု မဖြစ်ပွားအောင်ကြိုတင်ကာကွယ်ရေးအတွက် မိမိတို့အိမ်တိုင်းတွင် ကနဦးလုပ်ဆောင်ရန်အနေဖြင့် နှစ်ကာလ ရှည်ကြာ၍ ဟောင်းနွမ်းဆွေးမြည့်နေသည့် လျှပ်စစ်ဝါယာကြိုးများလဲလှယ်ထားခြင်း၊ လျှပ်စစ်ဒဏ်ခံကြိုး(Fuse)များကို ဝန်နှင့်အား မျှတအောင် သုံးစွဲခြင်း၊ လျှပ်စစ်မီးဖိုမီးပူများသုံးစွဲပြီးလျှင်(သို့မဟုတ်)လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားခြင်း၊ လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မ(မိန်း)ခလုတ်ပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စတို့ဖြင့် ရိုက်ပုတ်ငြိမ်းသတ်ခြင်း၊ ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများ အသုံးမပြုကြရန်နှင့် မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့်အချက်များအပေါ် လိုက်နာခြင်းအားဖြင့် မီးဘေးကာကွယ်ရေးအသိဖြင့် ကြိုတင်ဆောင်ရွက်စီမံထားရှိကြမည်ဆိုပါက "ပေါ့ဆမီး" ကြောင့် ဖြစ်ပွားတတ်သော မီးလောင်မှုများ လျော့နည်းစေမည်ဖြစ်ပါကြောင်း သတိပေးအပ်ပါသည်။

၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များ၌ သဘာဝဘေးအန္တရာယ်ကြောင့် လေပြင်းတိုက်ခတ်မှု ၄ ကြိမ်၊ ရေကြီးမှု ၁ ကြိမ်၊ ယာဉ်တိုက်မှု ၁၃ ကြိမ်၊ ယာဉ်တိမ်းမှောက်မှု ၁၃ ကြိမ်၊ ရေယာဉ်နှစ်မြုပ်မှု ၃ ကြိမ်၊ ရေနှစ်မြုပ်မှု ၆ ကြိမ်၊ မိမိကိုယ်ကိုသေကြောင်းကြံမှု ၁ ကြိမ်၊ သစ်ပင်ပြိုလဲမှု ၂ ကြိမ်၊ မတော်တဆထိခိုက်မှု ၂ ကြိမ်၊ ငလျင် ၃ ကြိမ်၊ တိရစ္ဆာန်ကယ်ဆယ်မှု ၃ ကြိမ် စုစုပေါင်း ၅၁ ကြိမ်ဖြစ်ပွားခဲ့ပါသည်။ ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်နှင့် မတော်တဆထိခိုက်မှုဖြစ်စဉ်များတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ရှိ သန္ဓေအင်အား ၃၇၀ဦးနှင့် အရန်မီးသတ်အင်အား ၉၁ ဦးတို့မှ ကူညီဆောင်ရွက်ပေးခဲ့ပြီး ထိခိုက်မှုကြောင့် သေဆုံးသူ ၁၆ ဦးနှင့် ဒဏ်ရာရရှိသူ ၄၈ ဦးတို့အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

**မီးသတ်ဦးစီးဌာန**

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင်တည်ရှိသော မီးသတ်စခန်းများနှင့် တယ်လီဖုန်း နံပါတ်များ

| စဉ် | မီးသတ်စခန်း | တည်နေရာ | | တယ်လီဖုန်းနံပါတ် |
|---|---|---|---|---|
| | | မြို့နယ် | မိုင်တိုင်အမှတ် | |
| ၁ | (၁၁)မိုင်အမြန်လမ်းမကြီးမီးသတ်စခန်း | လှည်းကူး | ၀/၀ မှ ၂၃/၄ ထိ | ၀၉-၄၄၄၁၁၁၁၅၁ |
| ၂ | ဘောနပ်ကြီးအမြန်လမ်းမကြီးမီးသတ်စခန်း | ပဲခူး | ၂၃/၄ မှ ၄၅/၀ ထိ | ၀၉-၄၄၄၁၁၁၁၅၂ |
| ၃ | ဘောနီအမြန်လမ်းမကြီးမီးသတ်စခန်း | ဒိုက်ဦး | ၄၅/၀ မှ ၆၀/၀ ထိ | ၀၉-၄၄၄၁၁၁၁၅၃ |
| ၄ | အုတ်ရှစ်ကုန်းအမြန်လမ်းမကြီးမီးသတ်စခန်း | ဒိုက်ဦး | ၆၀/၀ မှ ၇၆/၀ ထိ | ၀၉-၄၄၄၁၁၁၁၅၄ |
| ၅ | မြို့ချောင်းအမြန်လမ်းမကြီးမီးသတ်စခန်း | ကျောက်တံခါး | ၇၆/၀ မှ ၁၀၅/၅ ထိ | ၀၉-၄၄၄၁၁၁၁၅၆ |
| ၆ | ဖြူးအမြန်လမ်းမကြီးမီးသတ်စခန်း | ဖြူး | ၁၀၅/၅ မှ ၁၂၀/၀ ထိ | ၀၉-၄၄၄၁၁၁၁၅၇ |
| ၇ | ဖောဓိကုန်းအမြန်လမ်းမကြီးမီးသတ်စခန်း | အုတ်တွင်း | ၁၂၀/၀ မှ ၁၅၆/၅ ထိ | ၀၉-၄၄၄၁၁၁၁၅၈ |
| ၈ | သာဂရအမြန်လမ်းမကြီးမီးသတ်စခန်း | ရေတာရှည် | ၁၅၆/၅ မှ ၁၈၅/၂ ထိ | ၀၉-၄၄၄၁၁၁၁၅၉ |
| ၉ | ပလွေးအမြန်လမ်းမကြီးမီးသတ်စခန်း | ဒက္ခိဏသီရိ | ၁၈၅/၂ မှ ၂၀၅/၅ ထိ | ၀၉-၄၄၄၁၁၁၁၅၀ |
| ၁၀ | ပန်းတင်အမြန်လမ်းမကြီးမီးသတ်စခန်း | ဥတ္တရသီရိ | ၂၀၅/၅ မှ ၂၂၇/၀ ထိ | ၀၉-၄၄၄၁၁၁၁၆၀ |
| ၁၁ | ဘုရားတောင်အမြန်လမ်းမကြီးမီးသတ်စခန်း | တပ်ကုန်း | ၂၂၇/၀ မှ ၂၄၂/၀ ထိ | ၀၉-၄၄၄၁၁၁၁၆၁ |
| ၁၂ | ပေပင်လေးအမြန်လမ်းမကြီးမီးသတ်စခန်း | ပျော်ဘွယ် | ၂၄၂/၀ မှ ၂၇၆/၂ ထိ | ၀၉-၄၄၄၁၁၁၁၆၂ |
| ၁၃ | သီးကုန်းအမြန်လမ်းမကြီးမီးသတ်စခန်း | မိတ္ထီလာ | ၂၇၆/၂ မှ ၃၁၇/၂ ထိ | ၀၉-၄၄၄၁၁၁၁၆၃ |
| ၁၄ | ပြင်စည်အမြန်လမ်းမကြီးမီးသတ်စခန်း | နွားထိုးကြီး | ၃၁၇/၂ မှ ၃၃၁/၆ ထိ | ၀၉-၄၄၄၁၁၁၁၆၄ |
| ၁၅ | စကားအင်းအမြန်လမ်းမကြီးမီးသတ်စခန်း | တံတားဦး | ၃၃၁/၆ မှ ၃၅၈/၁ ထိ | ၀၉-၄၄၄၁၁၁၁၆၅ |

## မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ပစ္စည်းကိရိယာများ လက်တွေ့အသုံးပြုနည်းသရုပ်ပြခြင်း



၇-၁၂-၂၀၂၂ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၌ ပူပြင်းခြောက်သွေ့သောရာသီတွင် မတော်တဆဖြစ်စေ၊ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ မသမာသူများ၏ အဖျက်ရန်ကြောင့်ဖြစ်စေ၊ မီးဘေးအန္တရာယ်ကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီးရုံးနှင့် ကျောက်တံတားခရိုင်မီးသတ်ဦးစီးဌာန ဝန်ထမ်းများနှင့်ပူးပေါင်း၍ မီးဘေးအန္တရာယ် ဖြစ်ပွားစေသည့် အကြောင်းအရင်းများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်သည့် သိကောင်းစရာ ဗဟုသုတများ၊ လူနေအိမ်နှင့် ရုံးအဆောက်အဦများတွင် မီးဘေးအန္တရာယ် ကင်းဝေးစေရန်အတွက် ဆောင်ရန်/ရှောင်ရန်များ၊ မီးလောင်ခြင်းအန္တရာယ်နှင့် ကြုံတွေ့ပါက အရေးပေါ်ဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးဟောပြောခဲ့ပြီး ကျောက်တံတားခရိုင် မီးသတ်ဦးစီးအရာရှိ ဦးမျိုးမင်းထက်နှင့် တပ်ဖွဲ့ဝင်(၅)ဦးတို့ ဦးဆောင်၍ မိမိတိုင်းဒေသကြီးရုံးအစီအစဉ်ဖြင့် ဝယ်ယူတပ်ဆင်ထားသော ခေတ်မီမီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်စက်၊ မီးသတ်ပိုက်လိပ်များကို အသုံးပြု၍ အထပ်မြင့်အဆောက်အဦများအား မီးငြိမ်းသတ်ခြင်း စသည်များကို ရှင်းလင်းသရုပ်ပြကာ ရန်ကုန်တိုင်းဒေသကြီးရုံး ဝန်ထမ်းများမှ လက်တွေ့အသုံးပြု မီးငြိမ်းသတ်မှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပွဲပြုလုပ်ခြင်း



၄-၁-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ရုံး စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးခင်ဇော်၏ လမ်းညွှန်မှုဖြင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြည်နယ်ရုံးဝင်းအတွင်း၌ ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုဝင်များအား ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဂေါက်သီးလိမ့်ပြိုင်ပွဲ၊ အပ်ပေါက်ထိုးပြေးပြိုင်ပွဲ၊ ခြင်းထဲဘောလုံးပစ်ပြိုင်ပွဲနှင့် မုန့်ကိုက်စားပြိုင်ပွဲစသည့် ပျော်ပွဲရွှင်ပွဲများကျင်းပ၍ ဆုငွေ စုစုပေါင်း ၂၅၀,၀၀၀/- (ကျပ်နှစ်သိန်းငါးသောင်းတိတိ)ကို ပြိုင်ပွဲစဉ်အလိုက် အသီးသီး ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါသည်။

## သံဃာတော်(၇၂)ပါးအား ဆပ်ပြာမှုန့် လောင်းလှူခြင်း

၂၅-၁၂-၂၀၂၂ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံး ညွှန်ကြားရေးမှူး ဦးမျိုးဇော်ဝင်း၏ လမ်းညွှန်မှုဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင် ဦးဆောင်သည့် ကော်မတီဝင်များသည် မော်လမြိုင်မြို့၊ တောင်ရိုးတန်းလမ်းရှိ နဂါးမောက်စေတီတော်မြတ်၌ သံဃာတော်(၇၂)ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူရာတွင် စုစုပါင်းတန်ဖိုးငွေ ၁၀၀,၀၀၀/- (ကျပ်တစ်သိန်းတိတိ)ရှိ ဆပ်ပြာမှုန့်များလောင်းလှူခဲ့ကြောင်း သတင်းရရှိပါသည်။




## ဆင်ဖြူစာသင်တိုက်သို့ ဟင်းသီးဟင်းရွက် လှူဒါန်းခြင်း




၁၆-၁၂-၂၀၂၂ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံး ညွှန်ကြားရေးမှူး ဦးမျိုးဇော်ဝင်း၏ လမ်းညွှန်မှုဖြင့် ဦးစီးအရာရှိ (စုံစမ်းရေး) ဦးနေဝင်း ဦးဆောင်သည့် ကော်မတီဝင်များသည် မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်ရှိ ဆင်ဖြူစာသင်တိုက်သို့ တစ်နေ့တာ ဆွမ်းဟင်းအတွက် ဟင်းသီးဟင်းရွက် စုစုပေါင်း တန်ဖိုးငွေ ၁၀၀,၀၀၀/- (ကျပ်တစ်သိန်းတိတိ) အား လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှဝန်ထမ်းများက နေပြည်တော်၊ ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်...မှ

ဆေးရုံတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကာ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်သည့် တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများကို ရေသန့်၊ ကော်ဖီနှင့် ဆီချက်ခေါက်ဆွဲတို့ဖြင့် ညှော့ခံကျွေးမွေးခဲ့ပါသည်။

စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲတွင် တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများနှင့်အတူ ဆေးရုံကြီးရှိ ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက ပျော်ရွှင်စွာဖြင့် အတူတကွစုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ခဲ့ကြပြီး ထိုသို့ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများ၏ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးခဲ့မှုကြောင့် ဆေးရုံကြီး အတွင်း/အပြင် သန့်ရှင်းသပ်ရပ်မှုနှင့် လေဝင်/လေထွက် ကောင်းမှု ရရှိခဲ့ပြီး သန့်ရှင်းရေးဆောင်ရွက်ပေးခဲ့မှုအပေါ် ဆေးရုံကြီးရှိ ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက ဝမ်းမြောက်စွာဖြင့် ကျေးဇူးတင်ရှိလျက်ရှိကြောင်းနှင့် ဆေးရုံတက်ရောက်လျက်ရှိသော လူနာများမှာ ကျန်းမာရေးဝန်ထမ်းများ၏ အနီးကပ်ပြုစုစောင့်ရှောက်မှုဖြင့် စိတ်အေးချမ်းသာစွာ ဆေးကုသမှု ခံယူလျက်ရှိကြောင်း သတင်းရရှိသည်။

## ဝတ်ရွတ်ပူဇော်ခြင်း အောင်ပွဲ ပြုလုပ်ခြင်း



၁-၁၂-၂၀၂၂ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ဦးဆောင်ပြုလုပ်သော မဟာသရဏဂုံတော်ကြီး၊ မဟာသမယသုတ်တော်၊ ပဋ္ဌာန်းဒေသနာတော်၊ ဓမ္မစကြာတရားတော်၊ အနတ္တလက္ခဏသုတ်တော်နှင့် ဓာရဏပရိတ်တော်တို့အား ၁-၁၁-၂၀၂၂ရက်နေ့မှ ၃၀-၁၁-၂၀၂၂ရက်နေ့ထိ ရက်ပေါင်း (၃၀)တိတိ အဖွဲ့ (၄)ဖွဲ့ခွဲ၍ နေ့စဉ်ဝတ်ရွတ်ပူဇော်ခြင်း ပြီးမြောက်မှုအောင်ပွဲအဖြစ် ဝန်ထမ်းနှင့် မိသားစုဝင်များအား ညွှန်ကြားရေးမှူးနှင့် ဇနီးမိသားစုမှ ထမင်း၊ ငါးသလောက်ပေါင်း၊ ချဉ်ပေါင်ဟင်းချို၊ သရက်ချဉ်သုပ်နှင့် ငါးပိရည်တို့စရာများဖြင့် နေ့လယ်စာ အာဟာရဒါန ကုသိုလ်ပြု ကျွေးမွေးခဲ့ပါသည်။

## အခြေခံ စားသောက်ကုန် ထောက်ပံ့ပေးခြင်း

၁၁-၁၁-၂၀၂၂ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးယဉ်ကျော့မိုး ဦးဆောင်မှုဖြင့် ပြည်နယ်ရုံး အစည်းအဝေးခန်းမတွင် ဝန်ထမ်းတစ်ဦးလျှင် ပေါ်ဆန်းမွှေးဆန်(၆)ပြည် တစ်အိတ်နှင့် ပဲပိစပ်ဆီ(၁)ဘူး ကျသင့်ငွေ ၂၃,၀၀၀/- နှုန်းဖြင့် ဝန်ထမ်း(၄၈)ဦးအတွက် စုစုပေါင်း တန်ဖိုးငွေ ၁,၁၀၄,၀၀၀/- (ကျပ်တစ်ဆယ့်တစ်သိန်းလေးထောင်တိတိ)ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ကျန်းမာရေးစရိတ်ထောက်ပံ့ခြင်း



၂-၁-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မုံရွာမြို့၊ အမှတ်(၄) တပ်မတော်စစ်ဆေးရုံ၊ ခုတင်(၃၀၀)၌ နှလုံးသွေးကြောပြစ်ရောဂါဖြင့် ဆေးကုသမှုခံယူခဲ့သည့် လက်ထောက်စုံစမ်းရေးမှူး ဦးထက်ပိုလ်ပိုလ်အောင်အား ကျန်းမာရေးစရိတ်အဖြစ် ထောက်ပံ့ငွေ ၅၀,၀၀၀/- (ကျပ်ငါးသောင်းတိတိ)အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း ပုသိမ်အကျဉ်းထောင်၊ အင်းစိန်ဗဟိုအကျဉ်းထောင်နှင့် တောင်ငူအကျဉ်းထောင်တို့အား ရောက်ရှိစစ်ဆေး ... မှ

သုံးဆောင်ခဲ့ပြီး သင်တန်းသားများအတွက် ထောက်ပံ့ငွေများအား ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်ရှိ တောင်ငူ အကျဉ်းထောင်သို့ ရောက်ရှိကာ အကျဉ်းထောင်ရှိ စားဖိုကြီး အသစ်ဆောက်လုပ်သည့် နေရာ၊ အကျဉ်းသား/ အချုပ်သားအိပ်ဆောင်များ၊ ရေချိုးကန်များနှင့် ဆေးရုံဆောင်တို့အား လှည့်လည် ကြည့်ရှုစစ်ဆေးပြီး အကျဉ်းထောင်လုံခြုံရေးနှင့် ပတ်သက်၍ အထူးဂရုပြုဆောင်ရွက်ရန်၊ အကျဉ်းထောင် ဆူပူမှုများဖြစ်ပွားလာပါက အချိန်တိုအတွင်း ထိန်းသိမ်းဆောင်ရွက်နိုင်ရေးအတွက် ဇာတ်တိုက် လေ့ကျင့်မှုများအား စနစ်တကျလေ့ကျင့်ဆောင်ရွက်ထားရန်၊ အကျဉ်းသား/အချုပ်သားများအား ချက်ပြုတ် ကျွေးမွေးရာတွင် စေတနာထား၍ ဆောင်ရွက်ပေးရန်၊ ကျန်းမာရေးမကောင်းသည့် အကျဉ်းသား/ အချုပ်သားများအား စေတနာထား၍ ဂရုတစိုက် ပြုစုကုသပေးရန်နှင့် HIV/AIDS ရောဂါရှိသူ အကျဉ်းသား/အချုပ်သားများ ပြစ်ဒဏ်စေ့၍ လွတ်မြောက်ပါက ဆေးဝါးဆက်လက်သောက်သုံးနိုင်ရေးအတွက် အကျဉ်းထောင်ဆရာဝန်မှ သေချာစွာလမ်းညွှန်ပေးရန် တို့နှင့်ပတ်သက်၍ အကျဉ်းထောင် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၂) ကျင်းပခဲ့မှုနှင့် ၂၀၂၃ ခုနှစ် အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေး ... မှ

ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များက အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ကြုံတွေ့လာရသည့် အခက်အခဲများကို ညှိနှိုင်းဆွေးနွေးနိုင်ရန် ဗဟိုအဖွဲ့ အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ARSA အစွန်းရောက်အကြမ်းဖက်အုပ်စုသည် လူမျိုးရေး၊ ဘာသာရေးကိုအကြောင်းပြု၍ နယ်မြေအပိုင်စီးရယူ လိုသည့်ရည်ရွယ်ချက်ဖြင့် ရခိုင်ပြည်နယ် မြောက်ဘက်ခြမ်းတွင် ပြည်သူများကို အကြမ်းဖက်ခြိမ်းခြောက် နေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ အကြမ်းဖက်အုပ်စု CRPH /NUG နှင့် ယင်းတို့၏ လက်အောက်ခံ အမည်အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသော PDF အကြမ်းဖက်အဖွဲ့များသည် ဒီမိုကရေစီအရေးဟု ကြွေးကြော်နေသော်လည်း အစိုးရအုပ်ချုပ်မှု ယန္တရားများကို ပျက်ပြားစေပြီး ပြည်သူများကို ရက်စက်စွာ သတ်ဖြတ်အကြမ်းဖက်ခြိမ်းခြောက်၍ ၎င်းတို့ကို ထောက်ခံမှုရရှိစေရန် နိုင်ငံတော်အာဏာကို မတရားရယူရန်ကြိုးပမ်းနေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ရည်ရွယ်ချက်မတူညီသည့်အတွက် အကြမ်းဖက်မှုပုံစံနှင့် အပြစ်မဲ့ပြည်သူများကို ခြိမ်းခြောက်လုပ်ဆောင်သည့်ပုံစံများ မတူညီကြောင်းနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းစဉ်များ ပိုမိုအားကောင်းအောင် ဆောင်ရွက်နိုင်ရေး၊ ပြည်သူများအတွက် လုံခြုံမှုနှင့်တရားဥပဒေစိုးမိုးရေးကို ပိုမိုမြှင့်တင် ဆောင်ရွက်ပေးနိုင်ရေး၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ စွမ်းရည်မြှင့်တင်ရေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက စီစဉ်ခွင့်ပြုပေးထားသည့် အကြမ်းဖက်မှု တိုက်ဖျက်ရေး ရန်ပုံငွေကို လုပ်ထုံးလုပ်နည်းနှင့်အညီ အကျိုးရှိအောင်သုံးစွဲနိုင်ရေး၊ ဌာနဆိုင်ရာများအားလုံးနှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်တို့နှင့် စပ်လျဉ်း၍ ပြောကြားခဲ့ပါသည်။

ထို့နောက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်က ၂၀၂၂ ခုနှစ်အတွင်း အကြမ်းဖက်မှု တိုက်ဖျက်ရေးဆောင်ရွက်ချက်များနှင့် သုံးသပ်အကြံပြုတင်ပြချက်များကိုလည်းကောင်း၊ ဗဟိုအဖွဲ့တွဲဖက်အတွင်းရေးမှူး နိုင်ငံဖြတ်ကျော်မှုခင်း ဌာနကြီး ဌာနကြီးမှူး ရဲမှူးချုပ် အောင်ဌေးမြင့်က အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၊ အင်တာပိုလ်၊ အာဆီယံရဲအဖွဲ့၊ နှစ်နိုင်ငံရဲတပ်ဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က တားဆီးနှိမ်နင်းရေးကဏ္ဍတွင် လုံခြုံရေးနှင့် သတင်းအချက်အလက်များ ရယူစုဆောင်းပူးပေါင်း ဆောင်ရွက်ခဲ့မှုအခြေအနေ၊ နယ်စပ်ဒေသများတွင် တိုင်းရင်းသားများဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပါသည်။ ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက သတင်းမှန် ပြန်ကြားရေး ဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗဟိုတာဏ်ဒုတိယဥက္ကဋ္ဌတို့က ပြည်သူများအကြမ်းဖက် ခံရမှု၊ နိုင်ငံပိုင်/ပုဂ္ဂလိကပိုင်အဆောက်အဦနှင့် ဈေးများ၊ အရေးကြီးပစ္စည်းများဖောက်ခွဲ/ ဖျက်ဆီး ခံရမှု၊ လျှပ်စစ်တာဝါတိုင်၊ ဖုန်းတာဝါတိုင်များ ဖျက်ဆီးခံရမှုတို့နှင့်စပ်လျဉ်း၍ပြန်လည်ထူထောင်ရေး၊ ကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့တွင် ပူးပေါင်းဆောင်ရွက်ခဲ့မှု အခြေအနေများအား ဆွေးနွေးတင်ပြခဲ့ကြပါသည်။

ထို့နောက် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဗဟိုအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက နယ်မြေအလိုက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို **Online** မှ ပါဝင်ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြပါသည်။

ဆက်လက်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ ကွပ်ကဲမှုအောက်ရှိ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တားဆီးနှိမ်နင်းရေးလုပ်ငန်းများ၊ တရားစွဲဆိုရေး၊ ရန်ပုံငွေထူထောင်ရေး ဆောင်ရွက်ထားမှုများအားလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်ပရောက်အကြမ်းဖက်သမားများနှင့် ပတ်သက်၍ သံတမန်နည်းလမ်းဆောင်ရွက်မှုများကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြပါသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသော ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အထူးဖိတ်ကြားထားသည့် အဆင့်မြင့်အရာရှိကြီးများက ဥပဒေနှင့်နည်းဥပဒေဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက်နှင့် ပူးပေါင်းဆောင်ရွက်မှု၊ သတင်းမှန်ပြန်ကြားရေးနှင့် သတင်းတုများတိုက်ဖျက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းက ၂၀၂၃ ခုနှစ်တွင်ဖြစ်ပေါ်လာနိုင်သည့် အကြမ်းဖက်မှုအခြေအနေများအပေါ် ကြိုတင်ကာကွယ်ရေးအစီအမံများ၊ ပြည်သူများစိတ်အေးချမ်းသာရေးအတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိရောက်မှုရှိအောင် စီမံဆောင်ရွက်ထားမှုများ၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် အကြမ်းဖက်မှုဖြစ်ပေါ်စေသည့် အစွန်းရောက်မှုများ ကြိုတင်ကာကွယ်ရေးနှင့် အကြမ်းဖက်ဖြစ်စဉ်များကို လက်ဦးမှုရယူ ဖော်ထုတ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်အချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီစဉ်ခွင့်ပြုပေးထားသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ရန်ပုံငွေအား လုပ်ထုံးလုပ်နည်းနှင့်အညီ အကျိုးရှိရှိ ထိရောက်စွာအသုံးပြုနိုင်ရေး၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များ လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်သွားရန်တို့နှင့် ပတ်သက်၍ နိဂုံးချုပ် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၂) ကျင်းပခဲ့မှုနှင့် ၂၀၂၃ ခုနှစ် အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေး



မြန်မာနိုင်ငံ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၂)ကို ၂၃-၁၂-၂၀၂၂ ရက်နေ့ ၁၃၃၀ အချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း ဦးဆောင်၍ ကျင်းပပြုလုပ်ရာ ဗဟိုအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရဲအရာရှိကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်ဆိုင်ရာအရာရှိကြီးများတက်ရောက်ခဲ့ကြပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ ရဲတပ်ဖွဲ့မှူးများက **Online** မှ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၂ ခုနှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်ခဲ့မှုများနှင့် တားဆီးနှိမ်နင်းရေး ဆောင်ရွက်ထားမှုအခြေအနေများ၊ ၂၀၂၃ ခုနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်

**စာမျက်နှာ (၁၉)သို့**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှဝန်ထမ်းများက နေပြည်တော်၊ ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်



၄-၁-၂၀၂၃ ရက်နေ့တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက ၂၄-၁၂-၂၀၂၂ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ (ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်ခဲ့ကြပါသည်။

စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းအင်အား (၁၅၀၀)ဦးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းအင်အား(၁၀၀)ဦး၊ စုစုပေါင်း ဝန်ထမ်းအင်အား(၁၆၀၀)ဦးတို့က ဆေးရုံကြီးဝင်းအတွင်း/အပြင် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ခြင်း၊ ဆေးရုံအဆောက်အဦပေါ်ရှိ အမှိုက်များ၊ သစ်ရွက်ခြောက်များရှင်းလင်းခြင်း၊ အဆောက်အဦဘေး ထိစပ်နေသောသစ်ကိုင်းများ၊ သစ်ပင်ကြီးများအား အမြင့်တင့်တယ်စေရေး၊ လေဝင်/လေထွက်ကောင်းမွန်စေရေးနှင့် အလင်းပွင့်စေရေးအတွက် ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

အဆိုပါ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာ အေးထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ တပ်ဖွဲ့/ ဦးစီးဌာနများမှ အရာရှိကြီးများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဆန်းလွင်ဦးနှင့်

**စာမျက်နှာ (၁၈)သို့**